
စိတ်ကူးချိုချိုအနုပညာ

နေဇင်လတ်

# ပညာ၊ စိန်ခေါ်မှုများနှင့်အတူ



mgyoe.com

mgyoe.com

# ပညာ၊ စိန်ခေါ်မှုများနှင့်အရာ

နေဇင်လတ်



NZL0011

2,200.00 KS

mgyoe.com

mgyoe.com

၇၉၅.၇၄

နေဝင်းလတ်

ပညာ၊ စိန်ခေါ်မှုများနှင့်အတူ / နေဝင်းလတ် ။ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။

စာမျက်နှာ ၂၁၈ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

(၁) ပညာ၊ စိန်ခေါ်မှုများနှင့်အတူ

ပညာ၊ စိန်ခေါ်မှုများနှင့်အတူ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၆၂၆၀၆၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၂၉၀၆၀၉ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ၈.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမ အကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ စက်တင်ဘာလတွင် တန်ဖိုး ၂၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုတင်အေး (ရှိုင်း)

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ ဘုန်းကြီးတစ္ဆေ | ရွှေအမြုတေ(၁၂/၂၀၀၈) | ၁ |
| ၂။ အမှန်သိ၍အသိမှန်စေ | Perfect Magazine | ၈ |
| ၃။ ကြွက်ခုတ်ဖို့ပဲလိုတဲ့ခေတ် | | ၁၇ |
| ၄။ ရှင်လျက်သေ၊ သေလျက်ရှင်သူများ | Thazin Magazine (S'pore) | ၂၄ |
| ၅။ အလုပ်ဖြစ်ကြည့်စမ်းချင် | ရွှေအမြုတေ (၁၁/၂၀၀၈) | ၃၂ |
| ၆။ အတ္တအခြေပြုလူ့အဖွဲ့အစည်း | Wave Magazine (9/2008) | ၄၃ |
| ၇။ ဝမ်းသာဖြစ်ရတယ် | ရွှေအမြုတေ (၁/၂၀၀၉) | ၅၁ |
| ၈။ ပညာ၊ စိန်ခေါ်မှုများနှင့်အတူ | Wave Magazine (Dec.2008) | ၆၅ |
| ၉။ မဟာဗျူဟာမှားသလား | | ၇၇ |
| ၁၀။ လက်ခံနိုင်ဖို့လိုတယ် | Fashion Image (Nov.2008) | ၈၄ |
| ၁၁။ အားလုံးစာတတ်ကြရင် | | ၉၀ |
| ၁၂။ ရခဲမှ ရတနာ ၊ သိခဲမှ ပညာ | Waves Magazine(Nov.2008) | ၉၆ |
| ၁၃။ ယုံကြည်မှုနှင့်လုပ်ပိုင်ခွင့် | CEO Magazine (3/2009) | ၁၀၅ |
| ၁၄။ သမိုင်းတစ်ပတ်လည်ခြင်းမဟုတ်ပါ | | ၁၂၃ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၅။ အနာဂတ်အမြင် | Ecovision | ၁၂၉ |
| ၁၆။ လောကအကျိုး | Perfect Magazine | ၁၃၅ |
| ၁၇။ စိန်ခေါ်မှုများကိုရင်ဆိုင်၍ | CEO Magazine (2/2009) | ၁၄၂ |
| ၁၈။ ကမ္ဘာကျော်ဗိသုကာပညာရှင်ကြီး 'တာဒါအိုအင်ဒို' | Pan Magazine (1/09) | ၁၅၁ |
| ၁၉။ ကမ္ဘာဆန်မှုမှာ အမေရိကန်တွေ ဆုံးရှုံးနေပြီလား | Eco-vision Magazine | ၁၆၀ |
| ၂၀။ ဆုတောင်းတိုင်းပြည့်ရရင် | ရွှေအမြုတေ(၄/ ၂၀၀၉) | ၁၆၆ |
| ၂၁။ ကမ္ဘာ့စီးပွားရေး ဘာကြောင့် ဒီလောက်ဆိုးရတာလဲ | Eco-vision Magazine | ၁၇၃ |
| ၂၂။ နိုင်ငံတကာစီးပွားနှင့် နိုင်ငံရေး၊ ဥပဒေရေးရာ | Eco-vision Magazine | ၁၈၁ |
| ၂၃။ နိုင်ငံတကာစီးပွားရေးအပေါ် ယေဘုယျလေ့လာခြင်း | Ecovision | ၁၉၃ |
| ၂၄။ အင်တာဗျူး | Perfect (Oct.2008) | ၂၀၆ |


❑

mgyoe.com

mgyoe.com

# ဘုန်းကြီးတစ္ဆေ

21st July 2008

ကလေးဘဝတည်းက ဘုန်းကြီးတစ္ဆေအကြောင်း လူကြီးများပြောပြ၍ ကြားခဲ့ဖူးသည်။ ရိုးရိုးတစ္ဆေများကို ကမ္ဘဝါရွတ်၍ နှင်နိုင်သော်လည်း ဘုန်းကြီးတစ္ဆေများကိုမူ ကမ္ဘဝါရွတ်ရုံဖြင့် နှင်၍မရ။ ရွတ်ဖတ်သူ၏ ကမ္ဘဝါအစမှာပင် ဘုန်းကြီးတစ္ဆေများက ကမ္ဘဝါကို လိုက်ရွတ်ပြတတ်ကြောင်း၊ အထစ်အငေါ့မရှိ လူဘုန်းကြီးတွေထက် ပို၍မြန်ဆန်စွာ ရွတ်ဖတ်ပြီး မခန့်လေးစားလုပ်ပြတတ်ကြောင်း ကြားဖူးနေသည်။ မည်သို့ ဘုန်းကြီးတစ္ဆေများကို နှင်ရကြောင်း အသိထဲတွင် မရှိတော့သော်လည်း ကျွန်တော်တို့ငယ်စဉ်က ခပ်ဆိုးဆိုးကလေးများကို တစ်ခွန်းနှစ်ခွန်းဖြင့် ဆုံးမ၍မရပါက ဘုန်းကြီးတစ္ဆေလေးတွေဟု လူကြီးများက ကင်ပွန်းတပ်လေ့ရှိကြောင်းကိုမူ ယခုတိုင် သတိထားမိဆဲဖြစ်သည်။ ဘာကြောင့် ဘုန်းကြီးတစ္ဆေဟု ပြောကြပါသနည်း ...

အရွယ်အသင့်အတင့်ရောက်လာသည့်အခါတွင် ဘုန်းကြီးတစ္ဆေရော၊ ၎င်းနှင့်တင်စားခံရသူများ၏အတွေးတို့ ခေါင်းထဲမကြာခဏရောက်လာဖြစ်သည်။ အရွယ်ကောင်းကာလတွင်မူ ဘုန်းကြီးတစ္ဆေလို့ အခေါ်ခံရသူများ၏ ရုပ်ပုံသည် ပို၍ပီပြင်လာတော့၏။

* * *

ငယ်စဉ်က ကျောင်းနေကာလ အတွေ့အကြုံတစ်ခုကို မှတ်မိသေးသည်။ တော်လှန်ရေးအစိုးရတက်ပြီး ပြည်သူပိုင်တွေသိမ်းတော့ ကျောင်းတွေလည်း ပါသွားကြရသည်။ အင်္ဂလိပ်ကျောင်းတွေကို ဖျက်ပစ်ပြီး မြန်မာစာ ဦးစားပေးသင်

mgyoe.com

mgyoe.com


ကြားစနစ်ဖြင့် အကောင်အထည်ဖော်၏။ ပါလီမန်ခေတ်က အင်္ဂလိပ်စာကို သူငယ်တန်းမှစ၍ သင်ကြားသည့်စနစ်သည် ဆိုရှယ်လစ်ခေတ်တွင် ပဥ္စမတန်းမှသာ စတင်သင်ကြားခွင့်ရကြတော့သည်။ ဟိုမရောက် သည်မရောက် စကောစကအရွယ်ကျွန်တော်တို့လည်း ပညာရေးဘက်မှာ ဟိုမရောက် သည်မရောက် စကောစကဖြစ်ကုန်ကြတော့၏။ ထိုစဉ်က ဟိုမရောက် သည်မရောက် ဘုန်းကြီးတဆွေကလေးများ အင်္ဂလိပ်စာနှင့်ပတ်သက်၍ အများအပြားပေါ်ထွက်လာကြတော့သည်။

ရင်းနှီးထိတွေ့မှုဖြင့် မတောက်တခေါက်တတ်ခဲ့သော အင်္ဂလိပ်စာသည် မြန်မာကျောင်းများဖြစ်ကြသောအခါ သူများထက် သာသလိုတတ်သလို ဖြစ်ခဲ့ကြဖူးသည်။ တကယ်တော့ ခြေခြေမြစ်မြစ် မရှိတတ်သေး။ ထိုစဉ်က ဆယ်တန်း၊ ကိုးတန်းလောက်အရွယ်ရကြသူများ၏ အင်္ဂလိပ်စာအဆင့်မှာ တကယ် မှတ်ကျောက်တင်ခံနိုင်ကြသော်လည်း အလယ်တန်းတက် ခါစသူတို့၏ အင်္ဂလိပ်စာအရည်အသွေးမှာ ခြေမခိုင်သောကလေးငယ်တစ်ဦးနှင့် ပုံခိုင်းသော်ရနိုင်၏။ ဘမောင်တို့က ဒုတိယလူတန်းစားထဲမှာပါသည်။ အသစ်တက်လာကြသော ကျောင်းသားများထက် နှာတစ်ဖျားလောက်သာသော အင်္ဂလိပ်စာကို မိန်းမောရင်း ဘုန်းကြီးတဆွေများ ဖြစ်လာခဲ့ကြသည်။ ကြီးသည့်အခါ၊ အရွယ်ရောက်သည့်အခါ၊ လုပ်ငန်းခွင်ထဲသို့ ဝင်သည့်အခါ ပို၍ပို၍သိလာခဲ့ကြရသည်။ ပေမမီ၊ ဒေါက်မမီ၊ တန်းမမီခဲ့လေသည့်ဖြစ်ခြင်း။ သို့သော် အချိန်ကား ဘမောင်တို့ကို မစောင့်ခဲ့တော့၊ အင်္ဂလိပ်စာဒီပလိုမာကို အရွယ်ရင့်မှ သီးခြားပြန်တက်ခဲ့ရသည်။ စာအုပ်စာတန်းများများပြန်ဖတ်ခဲ့ကြရသည်။ သို့သော်လည်း အရွယ်ရင့်မှ သင်ကြားနာယူမှုကို့သည် အရွယ်နုစဉ်ကကဲ့သို့ လန်းဆန်းမှု၊ ဖျတ်လတ်မှု၊ မှတ်သားနိုင်မှု တို့လောက် မစွမ်းနိုင်တော့ပေ။

* * *

စက်မှုတက္ကသိုလ် ခြောက်နှစ်တာကာလ ပညာသင်စဉ် သူငယ်ချင်းတစ်ဦးရှိဖူးသည်။ ၁၉၇၀ ဝန်းကျင် ပညာသင်ကြားရာ စက်မှုတက္ကသိုလ်၌ နိုင်ငံခြားသားဆရာ လက်ကျန်တချို့ကို မီလိုက်ခွင့် ကြုံခဲ့သေးသည်။ တကယ်သင် တကယ်တတ် (ဘမောင်တို့ မပါ–ပါ) ၏ နောက်ဆုံးကာလတွေဖြစ်သည်။ ထိုစဉ်ကာလက စွယ်တော်ရိပ်၏ ကျောင်းသား၊ ကျောင်းသူတို့ မှဟ်မိနိုင်ကြသေးသည်။ သင်ကြားထောက်ကူ အစုံအလင်ကြီးမဟုတ်တောင် အတော်ကလေးရှိနေကြသေးသည်။ နောက်ဆုံးပေါ်စာအုပ်များ မဖတ်ရသည့်တိုင် ၁၀ နှစ်ကျော်က စာအုပ်တွေကို

mgyoe.com

mgyoe.com


ကိုးကားနိုင်ကြပါသေးသည်။ ဆိုရှယ်လစ်၏ နောက်ဆုံးနေ့ဝင်ချိန် ၁၉၈၈ တွင်မူ စွယ်တော်ညီအစ်ကိုမောင်နှမများ ဘွဲ့ယူကျမ်း (Thesis) တောင်မှ လုပ်ခွင့်မရနိုင်ကြ ဂျာတော့။ တစ်သက်လုံး အကန်းပြေးလာကြသူများ Final Thesis တွင် ကျူးကုတ် ကျားခဲ လုပ်ကိုင်ကြရာမှပြန်ပြီး အတော်အသင့်တတ်မြောက်သွားကြသို့ အရေ အတွက်က ဘမောင်ထင်သည်၊ တစ်ဝက်ကျော်မက ဖြစ်ပါလိမ့်မည်။ ထိုအထဲ ဘမောင်တို့ကိုယ်တိုင် ပါဝင်ခဲ့ပါသည်။

ဘမောင်၏ ကျောင်းနေဘက်သူငယ်ချင်းသည် ထိုစဉ်ကဗျာညီးကပင် ခပ်အေးအေးဖြင့် 'စွာ' ခဲ့သူဖြစ်သည်။ Project များတွင် သူတကယ် စဉ်းစားထား သည်ထက် ဆရာများကို တင်ပြပုံ (Presentation) က စို့၍ကောင်းမွန်သဖြင့် ဆရာများ၏ Impression ကို ရခဲ့သူဖြစ်သည်။ သူလုပ်သမျှ ဆရာများ၏ အကောင်းချည်းမြင်ခြင်းက သူ၏ ဘုန်းကြီးတန်ခိုးဘဝကို ဖုတ်သွင်းခဲ့ရ သည်လား၊ သူ့ကိုယ်သူ အခြေလွတ် ဘဝင်လေမာပ်ခြင်းကပင် သူ့ ဘုန်းကြီးဘာဝ ဘဝကို ပန်းပဲထုခဲ့သည်လား၊ ဘမောင်တို့ မဝေခွဲတတ်၊ အရွယ်ရလာသည့် ယနေ့ ကာလမျိုးတွင် သူ့ကိုယ်သူတော့ ဆန်းစစ်မိမှာ သေချာပါသည်။ သို့သော်လည်း အချိန်သည် နောက်ပြန်ရွှေ့ယူ၍ ရကောင်းသောအရာ မဟုတ်တော့ချေ။ တစ်ခုတော့ ရှိသည်၊ ထိုသူငယ်ချင်း၏စရိုက်က ဆရာများအကြိုက်တော့ ကောင်းစွာသိ၍ လုပ်ဆောင်ပေးတတ်ပြီး 'မျက်နှာမြင်ချစ်ခင်ပါစေ' ဟူသော ဆုတောင်းနှင့်တော့ ပြည့်ဝသူဖြစ်သည်။

တစ်တန်းတည်းသားချင်း အသိမျှဝေသည်ထက် ဆရာလုပ်တတ်ခြင်း၊ တစ်ဖက်ကို နှိမ်ချပြောဆိုတတ်ခြင်းများ ရှိသူဖြစ်သည်။ လေး၊ ငါး ခြောက်နှစ် အတူနေလာကြသောအခါ ကြာတော့ သူ့ကို အပေါင်းအသင်း သိပ်မလုပ်ချင်ကြ တော့၊ ဆရာများ၏အပြစ်မဟုတ်သော်လည်း ဆရာများက 'ဆရာအမြင်' ဖြင့်သာ ရှုနိုင်သူများဖြစ်ကြသည်။ ဘယ်သို့သော ကျောင်းသားတစ်ဦးဦးက ဆရာများရှေ့ တွင် သူ့စရိုက်အမှန်ကို ဖွင့်ဟပါမည်နည်း၊ သည်ယဉ်ကျေးမှုက ယနေ့ထိ ဘမောင် တို့လူမျိုးမှာ စွဲမြဲကျန်ကောင်း၊ အလေ့အထဖြစ်ကောင်းတုန်း ရှိပါသေးသည်။ အထက်လူကြီးများ သုံးသပ်ချက်မှားစေသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်ဟု ဆိုချင်ပါသည်။

အရွယ်ရောက်၊ အတောင်စုံ၍ လုပ်ငန်းခွင်သို့ ဝင်ကြသောအခါတွင်ကား ကမ္ဘဝါဖတ်နှင့် ကမ္ဘဝါတတ်အရည်အချင်းတို့သည် တစ်စတစ်စ ပို၍ပီပြင်လာကြ တော့သည်။ ရေလိုက်ငါးလိုက်နေတက်သော ဘမောင်နှင့်မူကား ထိုသူငယ်

mgyoe.com

mgyoe.com

ချင်းသည် ဆန့်ကျင်ဘက်လည်းမဟုတ်၊ တစ်သားတည်းတော့လည်းကျသည် မဟုတ်ခဲ့ပါ။ ဘာပဲပြောပြော ခင်ခင်မင်မင်တော့ ဆက်ရှိဆဲဖြစ်သည်။ လုပ်ငန်းခွင်ဟူသည် Result Oriented ဟူသော ရလဒ်အခြေပြု ဖြစ်ပါသည်။ အပြောကောင်းလျှင် First Impression ၌ အလုပ်ဖြစ်ဟန်ရှိသော်လည်း ကာလတစ်ခုကို ဖြတ်သန်းကြသောအခါ အလုပ်ဖြစ်ခြင်းနှင့် အဖြစ်လုပ်ခြင်းကို ပတ်ဝန်းကျင်က ခွဲခြားလာကြတော့သည်။ ရလဒ်မကောင်းလျှင် အနာဂတ်အာမခံချက် သိပ်ရှိလှသည့် ခေတ်မဟုတ်တော့ပါ။ အကျိုးရရေး ရှေးရှုသောကာလဖြစ်၍ အပြောကောင်း၊ နှမ်းဖြူးကောင်းခြင်းကလည်း ကာလရှည်တစ်ခုအတွက် အထောက်အပံ့ မဖြစ်နိုင်ကြတော့ပါ။

ထိုသူငယ်ချင်းက ကျောင်းပြီး၍ မကြာခင် အမေရိကားကို ထွက်သွားခဲ့ပါသည်။ လေးငါးနှစ်ကြာသည့်အခါ စင်ကာပူမှာ လုပ်ကိုင်နေသည်ဟု ကြားလိုက်ရပါသည်။ ကြားကာလ အဆက်အသွယ်တော့ မရှိခဲ့ကြ။ အမေရိကန်မှာ ယှဉ်ပြိုင်မှု ပြင်းထန်လွန်း၍ စင်ကာပူနိုင်ငံသို့ တစ်ဆင့်ဆင်းလာသည်ဟုတော့ အကြမ်းဖျင်း နားလည်ထားနိုင်ကြပါသည်။ စင်ကာပူတွင် လေးငါးနှစ်ကြာသောအခါ မြန်မာပြည်သို့ ပြန်ရောက်လာပြန်သည်။ မြန်မာပြည်ပြန်ရောက်စမှာ သိပ်မဆိုးလှပါ။ အမေရိကန်ပြန်၊ စင်ကာပူပြန်ဟူသော ထန်းတက်လက်မှတ်က သူ့အား အတော်ကလေး အထောက်အပံ့ပေးလိုက်ပါသေးသည်။ မြန်မာပြည်ဆောက်လုပ်ရေး တစ်ဟုန်ထိုးဖွံ့ဖြိုးကာလနှင့်လည်း တိုက်ဆိုင်နေသဖြင့် လုပ်ငန်းတော်တော်များများကို ထိုသူငယ်ချင်း ရလိုက်ခဲ့ပါသည်။ ၁၉၉၈ နောက်ပိုင်းတွင်မူကား ထန်းတက်လက်မှတ်တို့လည်း မကယ်နိုင်တော့။ သူ့လို ပြန်လာကြသူ ထန်းတက်လက်မှတ်ကိုင် မျိုးဆက်သစ်များနှင့် အတော်ရုန်းကန်ယှဉ်ပြိုင်ရပါတော့သည်။

အင်ဂျင်နီယာပညာကို ဘွဲ့ရသည်အထိ မသင်ကြားခဲ့ကြရသော်လည်း လက်တွေ့လုပ်ကိုင်ကြရင်းဖြင့် လုပ်ငန်းရှင်များက အတော်အသင့် သိလာခဲ့ကြပြီလည်းဖြစ်သည်။ ဈေးကွက်စီးပွားရေး၏ ကောင်းခြင်းများထဲက တစ်ခုမှာ ပညာရပ်များ Free Flow ဖြစ်ခြင်းသည် တစ်ခုပါဝင်၏။ အနည်းဆုံး သုတ (Knowledge) တွေ ရှိလာကြသည်။ ပညာရပ်ကို စနစ်တကျသင်ယူလာခဲ့ကြသူများက Expert ဟူသော ကျွမ်းကျင်သူများဖြစ်လာကြသော်လည်း လုပ်ငန်းရှင်များကလည်း သိပ်မစိမ်းတော့၊ Knowledge Friendly ဖြစ်လာကြသည်။ အကျိုးအမြတ်တို့ကို တွက်ချက်နိုင်လာကြတော့သည်။ အကောင်းဆုံးဆိုသည်ကို ရွေးချယ်နိုင်သောအရည်အချင်းတို့ ပိုင်ဆိုင်လာကြတော့သည်။ တကယ်မစွမ်းလျှင် နေရာ

mgyoe.com

mgyoe.com


ဖယ်ပေးရုံကလွဲ၍ အခြားမရှိနိုင်သောခေတ် ဖြစ်လာသည်။

* * *

ဘယ်စနစ်တစ်ခုတလေမှ 'ခြောက်ပြစ်ကင်း သဲလဲစင်' မရှိပါ၊ ကမ္ဘာဆန်သောခေတ် (Globalization Era)တွင် ကမ္ဘာ့ရေစီးကြောင်းက ပုံဖော်သော ခေတ်၊ စနစ်ကို ကျန်နိုင်ငံများ လိုက်ပါနိုင်ကြရမည် ဖြစ်ပါသည်။ ဆန့်ကျင် (Resist) လုပ်ပါက တိုးတက်မှုနှင့်အလှမ်းဝေးရုံဖြင့်သာ ကျန်ရစ်မည်ဖြစ်သည်။ စနစ်တစ်ခုကို လက်ခံနိုင်ရန် (Agent) လုပ်နိုင်ရန်သာ ဖြစ်ပါသည်။

Market Oriented Economy တွင် ယှဉ်ပြိုင်မှုများသည် ယခင့်ယခင်များကထက် ပို၍များ၊ ပို၍ပြင်းထန်ပါသည်။ တကယ်မတတ်၊ တကယ်မတော်ဘဲ မကြီးပွားနိုင်ပါ။ နှမ်းဖြူးရုံသည် အသက်တစ်မနက်စာမျှသာ ဆွဲဆန့်နိုင်မည့် ခေတ်ဖြစ်၍လာပါပြီ။

သုတေသနများအရ ကမ္ဘာ့အဆင့်(၁) အမေရိကန်နိုင်ငံတွင်ပင်လျှင် Family Business သည် နိုင်ငံ၏ (၉၀%) ဖြစ်သည်။ ဘမောင်တို့ အာဆီယံနိုင်ငံတွင် ထို့ထက်ရာခိုင်နှုန်း အများကြီးပိုနိုင်သည်ဟု မှန်းဆ၍ရသည်။ အမေရိကန်တွင် စီးပွားရေးတည်ထောင်ပြီး (၂) နှစ်အကြာတွင် ယှဉ်ပြိုင်မှုကိုမခံနိုင်၍ (၄၁%) သောကုမ္ပဏီများ ဖျက်သိမ်းလိုက်ကြရသည်။ (၄) နှစ်အကြာတွင် (၆၀%) ကျော်ဖျက်လိုက်ကြရပြီး (၆) နှစ်အကြာတွင် (၈၇%) တို့ ပျက်စီးခြင်းသို့ ရောက်သွားကြရကြောင်း မှတ်သားဖူးသည်။

အတွေးအခေါ် အိုင်ဒီယာပေါင်း (၃၀၀၀) တွင် လက်တွေ့ဆောင်ရွက်နိုင်သောအဆင့်သို့ လုပ်ငန်း (၄) ခုသာ ရောက်လာကြပြီး ဈေးကွက်သို့ (၂) ခုမျှသာ တင်နိုင်သောအခြေအနေရရှိကြသည်။ ထိုထဲမှ (၁) ခုကသာ ဈေးကွက်နေရာ ရရှိကြသည်။ မည်မျှ 'ဖြစ်မှု' ခက်ခဲသည်ကို တွေးဆနိုင်သည်။ ထိုတစ်ခုသည်ပင်လျှင် ရေထဲငါး မဟုတ်သေး၊ ရေနည်းငါး မျှသာ ရှိပါသေးသည်။

ဈေးကွက်စီးပွားရေး ရုပ်လုံးပို၍ပေါ်လာသည်နှင့် ယှဉ်ပြိုင်မှု ပို၍ပြင်းထန်သည်မှာ ဝိသေသတစ်ခုဖြစ်သည်။ တကယ်သိ၊ တကယ်တော်မှ ရှင်ကျန်နိုင်ခြင်းသည်လည်း ဝိသေသတစ်ခု ဖြစ်ပါသည်။ အမိန့်ပေးစီးပွားရေးမှာ အခွင့်အလမ်းကို အမိကထား (Opportunities) ရှင်သန်ကြီးပွားနိုင်သော်လည်း ဈေးကွက်စီးပွားရေး အမှန်တွင်မှ လက်သင့်စားတော်ခေါ်၊ ကိုယ့်လူကိုယ်ပေး၊ ဆွေမျိုးကောင်းစားရေးတို့ အတော်နည်းပါးကြရမည်ဖြစ်သည်။ ဤအချက်များသည် ဈေးကွက်

mgyoe.com

mgyoe.com


စီးပွားရေးရပ်လုံးပေါ်မှု၏ အရည်အချင်းတိုင်းညွှန်းကိန်းလည်း ဖြစ်သည်။ Civil Society ဟူသော မြို့ပြအဖွဲ့အစည်း များများပေါ်ထွန်းခြင်းကိုလည်း ညွှန်းကိန်း အဖြစ် ခံယူနိုင်ပါသည်။ 'ဟောခနဲ' တက်ပြီး 'ဒိုင်းခနဲ' ကျသွားခြင်းများသည် စွမ်းရည် (Competency) ကြောင့်ဖြစ်ပြီး ဦးဆောင်သူတို့၏အရည်အချင်းကို ပြသပေးသည်။ ရေရှည်တည်တံ့မှု (Sustain) ဖြစ်နိုင်ခြင်းရှိမရှိသည် ယှဉ်ပြိုင်သူ၏အရည်အချင်းပေါ် မူတည်ပါသည်။

အတွေး၊ အသိ၊ အမြင်များ ထက်ထက်မြက်မြက်ရှိကြရမည့်ခေတ်တွင် ကိုယ်သိခဲ့၊ တတ်ခဲ့သောပညာများ ဘယ်အဆင့်အထိ ရှိနေသည်ကို ပကတိအမြင်ဖြင့် သုံးသပ်နိုင်ဖို့ လိုပါသည်။ ကြိုးဝိုင်းထဲဝင်ရန် အဆင်သင့်မဖြစ်သေးလျှင် ဈေးကွက်စီးပွားရေးတွင် လိုက်ပါခြင်း မပြုသင့်သေးပါ။

သည်နေ့ခေတ် လူတော်တော်များများသည် စီးပွားရေးဘွဲ့များ မရကြသော်လည်း အတွေ့အကြုံများ၊ အသိအမြင်များဖြင့် အခြေခံကိုနားလည်နေကြပြီ ဖြစ်ပါသည်။ GDP နှင့် GNP ကွာခြားပုံကို မျိုးဆက်သစ်များ အတော်အတန် တီးခေါက်မိနေကြောင်း သတိပြုမိပါသည်။ ကုန်သည်တော်တော်များများ အရှေ့အလယ်ပိုင်းတင်းမာမှု၊ နယ်စပ်ပြဿနာများ၊ နိုင်ငံရေးအကျပ်အတည်းများမှ ထွက်ပေါ်လာမည့်ရလဒ်ကို မျှော်မှန်းတတ်နေကြပါပြီ။ အမေရိကန်တွင် ရီပတ်ဘလစ်ကန်တက်လျှင် ဘယ်လိုဖြစ်မည်၊ ဒီမိုကရက်တက်လျှင် ဘာပဲဖြစ်နိုင်သည်ဟူ၍ သုံးသပ်ပြင်ဆင်တတ်ကြသော ခေတ်ဖြစ်နေပါသည်။

သည်လို အချိန်မျိုး၊ သည်လိုခေတ်မျိုးတွင် ဘုန်းကြီးတစ္ဆေများ ကမ္ဘာဝါကို တကယ်တတ်သင့်ကြပါသည်။ 'ငါ့လောက်မသိ' ဟူသောအတွေးအခေါ်ကို ဖယ်ရှားသင့်ကြသည်။ အရိုးစွဲသော အသိ၊ စံမမီသော အတွေးမျိုး မရှိသင့်တော့၊ ဘယ်အရာမှလည်း ထာဝရ မမှန်နိုင်ပါ။ ပိုဆိုးသည်မှာ 'မသိဘဲ သိသည်' ဟုထင်သော ဘုန်းကြီးတစ္ဆေများဖြစ်သည်။ မသိဘဲ၊ သိသည်ဟု ယူဆသော၊ မတတ်ဘဲ တတ်သည်ဟူသော တရားသေအယူအဆ အခုအခံရှိသဖြင့် ထပ်မလေ့လာချင်တော့၊ ရေပြည့်အိုးဟု ခံယူကြသောသူများတွင် 'အသိထပ်ထည့်၍မရနိုင်' တော့ချေ။ တကယ်တော့ ရှိခဲ့သောအသိနှင့် အတတ်တို့သည် လူစဉ်မီသည် မဟုတ်ချေ။ တကယ် သိပြီး၊ တတ်ပြီးသူများပင်လျှင် Continuous Learning ဆိုသည်ကို လက်ခံထားကြဆဲ ဖြစ်ပါသည်။

ရှေးက လူကြီးသူမများ ဆုံးမစကားတစ်ခုကို မှတ်မိပါသေးသည်။
လောကတွင် လူမိုက်သည် မိုက်သောသူများ ဖြစ်သည်။

mgyoe.com

mgyoe.com


မိုက်မှန်းသိသော လူမိုက်သည် တစ်ဝက်သာ မိုက်သူများဖြစ်ပြီး
မိုက်မှန်းမသိသော လူမိုက်သည် နှစ်ဆမိုက်ကြသူများ ဖြစ်သည်။

*[ရွှေအမြုတေ (၁၂/၂၀၀၈)]*

❑

mgyoe.com

mgyoe.com

# အမှန်သိမှ အသိမှန်စေသည်

22nd July 2008

သစ်ရွက်သီးကို ခါးဝတ်စဉ်ကာလက လူတွေ လောဘနည်းကြသော်လည်း အသိပိုကြွယ်လာသည်နှင့် ထိုအသိတို့ကို လွဲမှားစွာအသုံးချကြပြီး လောဘတွေ ပိုကြီးလာကြသည်၊ ဒေါသတွေ ပိုကြီးလာကြသည်၊ မောဟတွေ ပိုများလာကြသည်၊ မာနများလည်း ပိုထားလာကြသည်။ အသိတရားဆိုသည်မှာ တကယ်တော့ အရာရာကို အစွန်းတစ်ပါးသို့မရောက်ရန် ထိန်းညှိပေးသောအရာသာ ဖြစ်သည်။ တကယ်သုံးသပ်ရလျှင် အသိကြွယ်ကြသည်မဟုတ်ဘဲ အတတ်ကြွယ်ကြသည်ဟုသာ မှတ်ချက်ပြုနိုင်ရာသည်။

ဘာသာရေး ထွန်းကားခဲ့၊ လွှမ်းမိုးခဲ့သော ဘီစီ (၆) ရာစုခန့်က အိန္ဒိယတိုက်နယ်ကြီးတွင် လူ့ဘဝကို အရွယ်သုံးပါးဖြင့်ခွဲခြား၍ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် လူသားမျိုးဆက် ထမ်းဆောင်၊ ကြီးပွားရာကောင်းမှုဖြင့်လုပ်၍ တတိယအရွယ်တွင် ဘာသာရေးအဆုံးအမတို့ဖြင့် တောထွက် ဘဝနိဂုံးချုပ်လေ့ရှိကြောင်း ဖတ်ဖူးသည်။ လောကစည်းစိမ် အထွတ်အထိပ်ဖြစ်သော ပြည့်ရှင်မင်းပင်လျှင် တတိယအရွယ်၌ မျိုးဆက်သစ်တို့ကို မင်းစည်းစိမ်လွှဲတော်မူ၍ တောထွက်လေ့ရှိကြသည်ဟု မှတ်သားဖူးသည်။ ယနေ့အခေါ် လက်ဆင့်ကမ်းအစီအမံ (Succession Plan) ကောင်းစွာရှိခဲ့ကြသည်ဟု နားလည်ရသည်။ ယနေ့ခေတ်ကားထိုသို့မဟုတ်၊ Warren Buffet ကဲ့သို့ ကမ္ဘာ့အချမ်းသာဆုံးအဆင့် (၁) မီဒီယာ သူဌေးကြီးသည် အသက် (၈၀) အထိ လုပ်ငန်းချဲ့ကောင်းတုန်း၊ ကုမ္ပဏီများကို ဝယ်၍ကောင်းတုန်း ရှိသေးသည်။

ဒုတိယကမ္ဘာစစ်ဝန်းကျင်က လျှမ်းလျှမ်းတောက်သူဌေးကြီး ဟိုးဝပ်ဟူး(ချ်)

mgyoe.com

mgyoe.com


စိတ်မသက်မသာဖြစ်နေမှုကို 'ဘာက ဖြည့်ဆည်းလျှင် နေသာထိုင်သာရှိပါမလဲ' ဟူသောမေးခွန်းကို သူဌေးကြီးက နောက်ထပ် (1 billion) လောက်ရရင် နေသာထိုင်သာရှိပါပြီဟု ဖြေခဲ့ဖူးသည်ဟု မှတ်သားဖူးသည်။ ထိုစဉ်က သူဌေးကြီး၏ ကြွယ်ဝမှုမှာ (3 billion US$) ဖြစ်သည်။ ယနေ့ခေတ်သစ် သူဌေးကြီးများ၏ ကြွယ်ဝမှုသည် (70 billion) ခန့်ရှိကြပြီဖြစ်သော်လည်း နေ့မအိပ်ညမနား အလုပ်လုပ်ကြဆဲဖြစ်ပါသည်။ ဟိုးဝပ်ဟူးချ်ကို မဲ့ပြုံး–ပြုံးခဲ့မှုသည် ယနေ့သူဌေးကြီးများကိုကြည့်ပြီး 'ဩော် ... ဩော်' ဟုသာ မြည်ကျူးနိုင်တော့သည်။

တိုးတက်မှု၊ ကြီးပွားမှု၊ အောင်မြင်မှုတို့အတွက် အားလုံး အလုပ်လုပ်ကြသည်၊ အလုပ်မလုပ်ကြသူများကို ပြစ်တင်ရှုတ်ချကြသော်လည်း အတောမသတ်၊ အထိန်းအကွပ်မရှိ၊ အချို့ လူ့အသိုင်းအဝန်းကိုပင် ထိခိုက်စေသောလုပ်ငန်းမျိုးဖြင့် ချမ်းသာရန် ကြိုးစားကြသူတို့ကိုမူ မည်သို့မှတ်ချက်ပေးမည်နည်း။

လူတွေပို၍ 'တော်' လာကြရန် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်တို့ ထွက်ပေါ်လာကြသည်။ ရှုပ်ထွေးနက်နဲသော မဟာဗျူဟာများဖြင့် စီးချင်းထိုးကြသည်။ ပို၍ဝေးဝေးမြင်နိုင်ရန် ကြိုးစားလာသည်၊ ပို၍နက်နက်တွေးနိုင်ရန် ကြိုးစားကြသည်။ တရားသည်၊ မတရားသည်မရှိကြတော့၊ 'တရားသည်၊ မှုတသည်' ဟူသော 'စည်း' ကို လောဘဟူသောရမ္မက်က ချိုးဖျက်၊ ဖောက်ထွက်ခဲ့ခြင်းဖြင့် အတောမသတ်၊ စည်းမဲ့ကမ်းမဲ့ အလုပ်လုပ်ကြသောအခါ စီမံခန့်ခွဲမှုဘာသာရပ်တို့တွင် ဘာသာရေးကို (ကိုယ်ကိုးကွယ်ရာအလိုက်) တစ်စွန်းတစ်စ ထည့်လာကြသည်။ ဘာသာရေးသည် မှုတစွာချိန်ညှိတတ်သော စွမ်းရည်ရှိသဖြင့် ပညာရှင်တို့က ထည့်သွင်းလာကြခြင်းဖြစ်သည်။

* * *

တစ်ရက်ကျလျှင် ရေးမည်ဟုစုထားသော Computer မှ ကုန်ကြမ်းဖိုင်တစ်ခုကို ဖွင့်သောအခါ လွန်ခဲ့သော (၂) နှစ်ခန့်က Netherland မှ စီးပွားရေးမိတ်ဆွေတစ်ဦးပို့ခဲ့သော တရုတ်စကားပုံ (Chinese Proverb) တစ်ခုကို ဖတ်မိသည်။ ဆိုလိုခြင်းမှာ ငွေကို လူတွေရှာဖွေကြရသည်မှန်သော်လည်း ငွေက မဖန်တီးနိုင်သောအရာများရှိသည်ကို နှိုင်းယှဉ်ပေးထားခြင်းဖြစ်သည်။

With money ..........

You can buy a house, not a home.
You can buy a clock, not time.

mgyoe.com

mgyoe.com


You can buy a bed, not sleep.
You can buy a position, not respect.
You can buy a book, not knowledge.
You can buy a blood, not life.
You can buy a sex, not love.
You can see a doctor, not health.

ရိုးရိုးရှင်းရှင်းဖြင့် ထိမိလှပါသည်၊ သူကတော့ ခပ်ရှည်ရှည် ရေးထားသည်၊ ဖတ်လွယ်အောင် တိုတိုဖြင့် ပြန်လည်ဖော်ပြထားခြင်းဖြစ်သည်။ ငွေဖြင့်နာရီကိုသာ ဝယ်၍ရသော်လည်း အချိန်ကိုကား မရချေ၊ ငွေဖြင့် ရာထူးဝယ်နိုင်သော်လည်း လေးစားမှုကား ကိုယ့်အကျင့်သီလနှင့်သာဆိုင်ကြောင်း ပါဝင်သည်။ လောကမှာ တကယ်ဖြစ်နေသောအရာများသာ ဖြစ်၏။ ဓမ္မဘက်ကကြည့်လျှင်လည်း ပီပြင်၏။ လူမှုရေးဘက်ကရှုလျှင်လည်း အံဝင်သည်။ ငွေရှိလျှင် အတော်ဆုံး ဆရာဝန်ကို ခေါ်နိုင်သော်လည်း ကျန်းမာရေးကိုကား ဝယ်ယူ၍မရကြောင်းဖြင့် သံဝေဂရစေသည်။

ငွေကို ရေလိုသုံး၍ သွေးဖြင့်အသက်ဆက်ရန် ကြိုးစားနိုင်သော်လည်း ဘဝ တစ်ခု (အသက်) မဟုတ်ကြောင်းလည်းပါသည်။ ငွေဖြင့် ကာမဆန္ဒတို့ကို အကောင်းဆုံးဖြည့်ဆည်းနိုင်ခြင်းသည် တကယ်မှန်ကန်သော အချစ်မဟုတ်ကြောင်းလည်းပါသည်။

အချို့ချမ်းသာလွန်း၍ အိမ်တွေအများကြီးဝယ်ထားသော်လည်း Home Sweet Home ဆိုသော အရာကိုမရ၊ နွေးထွေးသောမိသားစုဘဝကို မပိုင်ဆိုင်၊ 'တိုးတက်၊ အောင်မြင်' ဟူသောစကားတွဲတွင် တိုးတက်ခြင်းကို ယေဘုယျရုပ်ဝတ္ထု အပြောင်းအလဲတို့ဖြင့် ဆုံးဖြတ်ကြသော်လည်း အောင်မြင်ခြင်းကိုမူ ရုပ်ဝတ္ထုတိုး တက်ခြင်းဖြင့် မသတ်မှတ်နိုင်၊ ငွေသည် အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ ပေးသော်လည်း အလုံးစုံကိုကားမဟုတ်၊ ကျန်သောအပိုင်းကား 'ပြုသူ' ပေါ်မှာသာ မူတည်သည်။

ငွေကြေးချမ်းသာ၍ မယားပေါင်းများစွာယူခဲ့သော သူဌေးတစ်ဦးသည် တစ်ချိန် အမေကွဲ သားသမီးပေါင်းများ စွာ၏ဒုက္ခကို ခံရမည်မှာမလွဲ၊ 'ကံ' ကြောင့် မဟုတ်၊ ထို 'ကံ' ကို ဖန်တီးခဲ့သူကြောင့်သာ ဖြစ်သည်။ မူးယစ်ဆေးဝါးဖြင့်လည်း ကောင်း၊ ရာဇဝတ်မှုမကင်းသော လုပ်ငန်းဖြင့်လည်းကောင်း ချမ်းသာလာကြသူများ တစ်ချိန် 'ကံ' ရင့်ကျက်လာသောအခါ ဥပဒေနှင့်ရင်ဆိုင်ကြရခြင်းသည်လည်း

mgyoe.com

mgyoe.com


မိုးပေါ်ကကျလာသော 'ကံ' ကြောင့်မဟုတ်၊ မြေပြင်ပေါ်ကပြုသူ၏ 'ကံ' ကြောင့်သာဖြစ်သည်။ 'ကံ' ဆိုသောအရာသည် အကျိုးပေးရင့်ကျက်လာသောအခါ တူသောအကျိုးကို ပြန်၍ပေးတတ်စမြဲဖြစ်သည်။ မဖောက်ပြန်၊ ပြုသူထံ ပြန်ရောက်လာသည်၊ အတိုးတွက်ပါ–ပါသည်။

'ကံ' ကို မယုံ၍မရ၊ မပုံဖို့သာ လိုသည်။

* * *

အသိကိုးရန် ကျွန်တော်တို့ စာတွေအများကြီး ဖတ်ကြသည်၊ 'အလိမ္မာစာမှာရှိ' ဟူသောထုံးကို နှလုံးမူကြသည်။ တစ်ခါတစ်ရံ စာတွေကို ဘယ်လိုဖတ်ကြသနည်း၊ စာမှာရှိသောအလိမ္မာကို မည်သို့ထုတ်ယူအသုံးပြုကြသနည်းဟု ရောက်တတ်ရာရာ တွေးမိသည်များ ရှိခဲ့ပါသည်။ တစ်ရက် လုပ်ငန်းရှင်ကြီးတစ်ဦးနှင့် အစည်းအဝေးအပြီး ရောက်တတ်ရာရာ စကားပြောဖြစ်သည်။ သူဖတ်ခဲ့သောစာများ၊ သူနှစ်သက်သော စာရေးဆရာကြီးများအကြောင်း ပြောသည်။ သူနှစ်သက်သည်ဆိုသော စာရေးဆရာကြီးများက နှယ်နှယ်ရရမဟုတ်၊ ကျွန်တော်တို့လို ခြောက်တီးခြောက်ချက် ရေးသူများစာရင်းထဲမပါ၊ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဩဇာကြီးသူ၊ တကယ့် စာကောင်းပေကောင်းများရေးသားခဲ့သူဖြစ်သည်။

သူ့လုပ်ရပ်နှင့် သူ့အပြောတို့ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိသည်ကို ထိုလုပ်ငန်းရှင်ကြီး သတိမူမိရဲ့လားဟု သံသယရှိလာသည်။ သူ့ကိုးကားချက်များက အားရဖွယ်၊ အပြောမကောင်းသော ကျွန်တော်ပင် ငေးယူရသည်။ သူဖတ်သောစာများနှင့် သူ၏လက်တွေ့လုပ်ရပ်များက တစ်သားတည်းမရှိ။ တစ်လိုင်းတည်းမသွား၊ တစ်ရောင်တည်းလည်းမဟုတ်၊ ဘာကြောင့်ပါနည်း၊ စာများမှကောင်းနိုးရာရာ ယူကြရာတွင် တကယ်ယူနိုင်ကြသူတို့မှာ လက်တွေ့ဘဝများ၌ အနည်းနှင့်အများ၊ တစ်နည်းနှင့်တစ်ဖုံ ရောင်ပြန်ဟပ်ကြသည်။ သို့သော် ထိုလုပ်ငန်းရှင်ကြီး၌ ထိုသို့သော အကြောင်းခြင်းရာမျိုးကိုမတွေ့ခဲ့ရချေ။ တရုတ် ရှေးဆိုရိုးစကားအတိုင်းများ ဖြစ်နေပြီလား ...

***With money, you can buy books, but not knowledge.***

ငွေရှိ၍ စာအုပ်များဝယ်သည်ကား မှန်၏။ အချိန်ပေး၍ စာများဖတ်သည်ကားလည်း မှန်၏။ သို့သော် ထိုစာများထဲမှ ပညာများကိုတော့ မရရှာ၊ ဖတ်ခြင်း၊ မှတ်ခြင်း၊ သိခြင်း၊ လိုက်နာနိုင်ခြင်းတို့သည် သူ့အဆင့်သူရှိကြ၍ ကွဲပြားကြ၏။ ခြားနားကြ၏။

mgyoe.com

mgyoe.com

ခြောက်နှစ်ကာလကို ဖြတ်ကျော်ကြသောအခါ ထိုသူသည် သူ့လုပ်ငန်းရှင်ကြီးအဆင့်မှ လျှောကျသွားကြောင်း သိရသည်။ တချို့သော မယားများနှင့်ကွဲ၊ တချို့နှင့် တကျက်ကျက်ရန်ဖြစ်၊ စီးပွားရေးဘွင်လည်း အကြွေးပတ်လည် သူဌေးကြီးဘဝရောက်သွားသည်ကို ဝမ်းနည်းဖွယ်ရာတွေ့ရသည်။ 'ငွေကို ငွေလိုရှာရတယ်' ဟူသော သူ့ဆောင်ပုဒ်က သူ့အတွက် အမှုအခင်းများစွာ စုပုံဖြစ်ပေါ်စေခဲ့ပါသည်။

* * *

အားလုံးကို အပြည့်အဝလိုက်နာနိုင်သည်တော့ မဟုတ်သေးပါ၊ သို့သော်လည်း ရခဲသော လူ့ဘဝတိုတိုလေးမှာ သည်ဘဝက ကုသိုလ်ကိုပဲ နောက်ဘဝသို့ယူသွားလိုပါသည်။ အကုသိုလ်များကိုတော့ ယူမသွားလိုပါ၊ အမှားမကင်းသော်လည်း အမှားကြီးများကို မကျူးလွန်မိရန် ရှောင်ကြဉ်ဆဲဖြစ်ပါသည်။ အတက်အကျတို့၏သဘောကို အမြဲမပြတ်နှလုံးသွင်းပါသည်။ အဖြစ်အပျက်တို့ကို သံဝေဂရနိုင်သမျှရအောင်တော့ ယူပါသည်။ ရည်ရွယ်ချက်ရှိရှိတော့ ကိုယ့်ဆိုးကျိုးကို အများအတွက် မပေးဖြစ်အောင် ကြိုးစားရှောင်ရှားလျက် ရှိပါသည်။ တတ်နိုင်သမျှသော ကောင်းကျိုးများကိုတော့ ရတတ်သလောက်မျှဝေတတ်အောင် ကြိုးစားလျက်ရှိပါသည်။

ဘဝတစ်ခုနေပျော်ရန် မျှတစွာရှိရန်လည်း ကြိုးစားပါသည်။ အလုပ်ဦးစားပေး၊ ချမ်းသာမှုထိပ်တင်သော အနောက်ဘက်က နိုင်ငံကြီးများမှာပင်လျှင် Balance Life Activities ဟူသော မျှတသောဘဝအတွေးအခေါ်ရှိသေးလျှင် ဤသည်ဘက်မှာ ရှေ့တန်းရောက်ခဲ့သော အရှေ့ဘက်ကနိုင်ငံတွေ ပို၍ရှိသင့်သည်ဟု ယူဆပါသည်။

ဘဝတစ်ခု မျှတညီညွတ်ရန် စီမံခန့်ခွဲရေးပညာရပ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

## Balance Life Activities

| | |
|---|---|
| – Cultural Activities | ယဉ်ကျေးမှုဆောင်ရွက်တတ် |
| – Work Activities | အလုပ် |
| – Intellectual Activities | အသိ |
| – Social | လူမှုရေး |

mgyoe.com

mgyoe.com


- Family မိသားစု
- Spiritual ဘာသာရေး
- Physical ရုပ်ပိုင်းဆိုင်ရာ

ဖော်ပြပါအင်္ဂါရပ်များ တစ်ခုနှင့်တစ်ခု အချိုးညီစွာ ဘဝတစ်ခုကို ပေါင်းစပ်ပါမှ မျှတမှုကိုရရှိမည်ဖြစ်သည်။ အလုပ်ချည်းပဲလုပ်သည်ကို အားမပေး၊ အခြေခံအဆင့်တစ်ခုသို့ မရောက်မီကာလ Work ပိုင်း၌ ပို၍ဇောင်းပေးခြင်းကို အပြစ်ပြောသည်မဟုတ်၊ သို့သော်လည်း အတော်အတန်သင့် တည်ငြိမ်ကာလသို့ ရောက်လျှင်မူ ဖော်ပြပါ (၇) ချက်ကို မျှတစွာကျင့်သုံးရန် ဖြစ်သည်။ ယခင်က ယဉ်ကျေးမှု (Cultural) နှင့် ဘာသာရေး (Spiritual)ကို ထည့်သွင်းခဲ့သည်မဟုတ်၊ နောက်ပိုင်း ယဉ်ကျေးမှု၏ အရေးပါပုံနှင့် ဘာသာရေး၏ အစွမ်းရောက်မှုကို ထိန်းသိမ်းနိုင်သော အင်အားများကို တွေ့ရှိခဲ့ပြီးနောက် ထည့်သွင်းလာကြခြင်း ဖြစ်သည်။

တချို့က ငွေရှိလာလျှင် Pleasure ဟူသော ကျေနပ်ပျော်ရွှင်မှုကို ပို၍ အာရုံထားကြသည်။ ကာရာအိုကေ၊ ညကလပ်များသို့ အသွားများတော့၏။ ကိစ္စများစွာက ထိုညမှာပြီးခဲ့လျှင် အကြောင်းမဟုတ်၊ နောက်ဆက်တွဲလာလျှင် Pleasure ရချင်သူများ Pressure အဖြစ် ပြောင်းလဲသွားတတ်ကြောင်း သတိမူမိသင့်သည်။ ကာရာအိုကေမှာ သီချင်းဆို စိတ်ချမ်းသာမှုထက် ဆိုဘက် ကောင်မလေး၏ အပြုအစုကိုခံလို၍သွားကြသည်ကို အများစုက ငြင်းကြမည်မထင်၊ ထိုမှ တစ်ဆင့်တက်သော ... အရေးအရာသည် ကြီးဖွယ်ရာသာ ရှိသည်။ အများစုမှာလည်း ထိုမျှနှင့်ပင် မပြီးတတ်၊ ဘာမှမဆိုင်သောမိသားစုက တစ်ပြုံတစ်မ စိတ်ဆင်းရဲမှုဖြင့် အစတေးခံကြရသည်မှာ 'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ ...' လင်္ကာကဲ့သို့ဖြစ်ချေရသည်။ မိသားစုတော်တော်များများ ကာရာအိုကေဇာတ်လမ်းကြောင့် ပျက်စီးခဲ့ကြရသည်မှာ မနည်းပါ။

ငွေရှာကြသည်ကို အပြစ်မတင်သော်လည်း ငယ်ရွယ်သော ကလေးမလေးများ ကာရာအိုကေမှာ ငွေရှာကြသည်ကို ဘဝင်သိပ်မကျချင်ပါ၊ ရိုးရိုးသီချင်းဆိုဖြေဖျော်သောသူများကို ဆိုလိုခြင်းမဟုတ်ပါ၊ တချို့ ကာရာအိုကေနေရာတွေမှာ 'မြှူး' ထောင်မှုဖြင့် အသက်မွေးဝမ်းကျောင်းလုပ်သူတွေအတွက် လောလောဆယ်ရသည့်ငွေကို အကုသိုလ်ခပ်ကြီးကြီးဖြင့် အလဲအလှယ်လုပ်နေကြသည်ဟု ခံစားမိပါသည်။

ငွေကိုအတော်သုံးနိုင်သော မိတ်ဆွေတစ်ဦး၊ ကာရာအိုကေက ကောင်မလေး

mgyoe.com


တစ်ဦးနှင့် ငြိစွန်းသည်။ အစက သည်လောက်အထိ ဖြစ်မည်မထင်ခဲ့၊ ဖြစ်တတ်သော သဘောလောက်တော့ရှိသည်ဟု ဝိုင်းဝန်းသတိပေးသူများထဲတွင်သာ ပါခဲ့ရသည်။ နောက်တော့ အပျက်အပျက်နှင့် နှာခေါင်းသွေးထက် ပိုထွက်ခဲ့၏။ လွန်ဆွဲပွဲတွင် တစ်ဖက်က မယားကြီးနှင့် ကလေးနှစ်ယောက်၊ တစ်ဖက်က ကာရာအိုကေကကောင်မလေး၊ အားနည်းသူကိုကူညီတတ်သော သူ့အကျင့်က တစ်ယောက်တည်းဘက်ကိုဝင်ကူရင်း လွန်ဆွဲပွဲကို တစ်ဖက်သတ် အဆုံးသတ်ခဲ့သည်။ အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့်ထားသည်။ ထိုစဉ်က အချစ်အတွက် အရာရာကို စွန့်လွှတ်ခဲ့သော သူရဲကောင်းကြီးပမာ လောကကိုရင်ဆိုင်ခဲ့သော ထိုမိတ်ဆွေသည် တစ်နှစ်ကျော် နှစ်နှစ်နီးပါးကာလတွင် နှစ်ခုလပ် ပြန်ဖြစ်ခဲ့ရပါသည်။ အလေ့အကျင့်က အလေ့အထဘက်ကို ကူးသွားသော ကာရာအိုကေက ကောင်မလေး ငြိမ်ငြိမ်မနေခဲ့၊ သူ့ထက်သာသူနှင့်တွေ့သောအခါ သူ့ကို အလွယ်တကူပင်ပစ်သွားခဲ့ပါသည်။ သည်တစ်ခါကျတော့ လွန်ဆွဲပွဲတောင် မိတ်ဆွေကြီး မလုပ်လိုက်ရရှာပါ။ ယဉ်ယဉ်ကလေးပင် ကောင်မလေးက ရှိသမျှပစ္စည်းကိုယူသွားပြီး ဆင်းသွားခဲ့ပါသည်။

ထို့ထက် ရင်နာသော၊ ဆန်းကြယ်သော ဖြစ်ရပ်များလည်း အများအပြား ရှိနိုင်ပါသေးသည်။

* * *

ကိုယ်တိုင်ကြိုးစား၍ အောင်မြင်သောသူများရှိသလို အမွေရ၍ ချမ်းသာသူများလည်း မနည်းချေ။ ငွေကြေးချမ်းသာမှုကို တိုင်းတာရာတွင် လွယ်ကူသော်လည်း 'အောင်မြင်သည်' ဆိုသောစကားလုံးကိုတိုင်းတာရာတွင် 'စံကောင်း' မရှိချေ။ အတိုင်းတာခံသူ၏ ခံယူချက်နှင့်သာသက်ဆိုင်ပါသည်။ ရုပ်ပိုင်းဆိုင်ရာကို အဓိကတိုင်းတာမည်လား၊ စိတ်ပိုင်းဆိုင်ရာကရော အဓိကကျသလား၊ မိသားစုကိုရော ဘယ်မှာထားမှာလဲ၊ လူမှုဝန်းကျင်ကိုလည်း ပစ်ပယ်၍ မရကောင်း။

Things destroy us. (ဖျက်ဆီးသောအရာများ)

- Wealth without work. (မလုပ်ဘဲချမ်းသာ)
- Pleasure without conscience.
  (အမှားအမှန်မခွဲနိုင်သော စိတ်ချမ်းသာမှု)
- Knowledge without character. (စရိုက်မပါသောပညာ)

mgyoe.com

mgyoe.com


– Commerce without morality. (ကိုယ်ကျင့်မပါသောစီးပွားရေး)
– Science without humanity. (လူသားမစာနာသောသိပ္ပံ)
– Worship without sacrifice. (စွန့်လွှတ်ခြင်းမပါသောကိုးကွယ်မှု)
– Policies without principle. (မူဝါဒမရှိသောနိုင်ငံရေး)

မိဘအမွေသက်သက် မျှော်ကိုးသူတို့၏ဘဝသည် မဖြောင့်ဖြူးနိုင်၊ အလုပ်မလုပ်ဘဲ ချမ်းသာလိုသူများသည် တစ်သက်တာအထိလည်း မချမ်းသာနိုင်၊ ချမ်းသာမှုသည် အလုပ်မှထွက်ပေါ်လာခြင်းဖြစ်သည်ကို သတိမူသင့်သည်။ အလုပ်လုပ်မှ အလုပ်အကြောင်း သိပါသည်။ အလိုအလျောက်အသိဟူသည်မရှိ။

စရိုက်အငွေ့မပါသော ပညာသည် တကယ်တော့သုံးမရချေ၊ ပညာက သုံးမရသည်မဟုတ်၊ ပညာရှိပြီဟု ယူဆသောသူက တကယ်တမ်းကျတော့ ထိုပညာကို အသုံးချနိုင်ခြင်းရှိမှာမဟုတ်ဟု ဆိုလိုခြင်းသာဖြစ်သည်။ ပညာရှိလာလျှင် ပညာရှိတို့၏ အငွေ့အသက်တို့ သက်ဝင်လာ၏။ ရေးက အသက်ငယ်ငယ်၊ ကလေးဘဝကပင် ပညာရှိဖြစ်ခဲ့သော မဟာသတ္တဝါတွင် ပညာရှိစရိုက်လက္ခဏာတို့ ပူးတွဲနေ၏။ အကျင့်အကြံတို့ရှိ၏၊ အတွေးအခေါ်တို့ ကိန်းအောင်းနေ၏၊ အဆုံးအဖြတ်တို့ မှုတ်နေ၏။

ကောင်းလို၊ တိုးတက်လို၍ စီးပွားရေးဆောင်ရွက်ရာတွင်လည်း ထိုက်သင့်သော အကျင့်သိက္ခာနှင့် ဆောင်ရွက်တတ်ဖို့လိုသည်။ ကုသိုလ်နှင့်ယှဉ်သောအလုပ်၊ အကုသိုလ်နှင့်ယှဉ်သောအလုပ်ဟူ၍လောက်တော့ အနည်းဆုံးခွဲခြားသင့်ကြသည်။ အကုသိုလ်ရှိသောအလုပ်ဟု သတ်မှတ်ထားသော သား၊ ငါးရောင်းဝယ်ခြင်းသည်ပင် စားသုံးသူများ စားသောက်နိုင်သေး၍ တစ်ဖက်က ကုသိုလ်ပြန်ရ၏။ ဒုစရိုက်လုပ်ငန်းဖြင့် အသက်မွေးသူ၊ မူးယစ်ဆေးရောင်းဝယ်သူ၊ လက်နက်ရောင်းဝယ် သူတို့ကား အခြားတစ်ဖက်၌ အများစုကို ဒုက္ခရောက်စေချည်းသာဖြစ်သည်။ ကုသိုလ်ဟူ၍ တစ်ခုမျှပြန်မရ၊ ထိုလုပ်ငန်းမျိုးဖြင့် ချမ်းသာလာလျှင်လည်း ရေရှည်မခံ၊ ဘဝတစ်ခုခုတွင် အကျိုးပေးမည်မှာ သေချာပါသည်။

မူဝါဒမရှိသော နိုင်ငံရေးသည်လည်း ပျက်စီးရာပျက်စီးကြောင်းထဲကတစ်ခုဖြစ်ပါသည်။ နိုင်ငံရေးဟူသည် နိုင်ငံ၏အရေး၊ အများ၏အရေးဖြစ်သဖြင့် ပို၍အရေးကြီးသည်။ မူဝါဒကောင်းများရှိသင့်သည်။ မူဝါဒပင်လျှင် အများကောင်းကျိုးရှေးရှုသော မူဝါဒဖြစ်သင့်သည်။

* * *

mgyoe.com

mgyoe.com



ဘဝတစ်ခုသည် တကယ်တော့ တိုတိုလေးဖြစ်သည်။

ထိုတိုတောင်းသောဘဝ၊ အသိရှိသော၊ အသိကြီးသောလူ့ဘဝ တစ်ခဏ ဘာရောက်သည့်အခိုက် ကြီးကြီးကျယ်ကျယ် ခဏထား၊ ကိုယ့်အတွက် ကောင်းကျိုးတစ်စုံတစ်ရာ ရှိသင့်သည်။ ကိုယ်နှင့်ဆက်စပ်သော လူမှုအဖွဲ့အစည်း (Society) ကို ကောင်းကျိုးပြုသင့်သည်။ အရာခပ်သိမ်းမဟုတ်စေကာမူ အရာအချို့ကိုတော့ ခြေခြေမြစ်မြစ်သိရှိပြီး တစ်ဖက်စွန်းကျခြင်း၊ အများထိခိုက်စေခြင်းစသော အစွန်းတို့မှ အနည်းဆုံးတော့လွတ်ကင်းသင့်သည်။

လူတိုင်း ငွေရှာကြပါသည်၊ ငွေသည် အရာအချို့ကို ပြေလည်စေသောကြောင့်ဖြစ်သည်၊ သို့သော်လည်း အရာအားလုံးကိုမူ ငွေဖြင့်ဆုံးဖြတ်၍ မရပါ၊ အသိသည် အတွေ့အကြုံထဲမှလည်း ရှာဖွေရပါသည်၊ ပတ်ဝန်းကျင်မှလည်း ရနိုင်ပါသည်၊ သို့သော်လည်း "We can buy a book, but not knowledge" ဟူသော စကားအတိုင်း ငွေဖြင့်စာအုပ်သာဝယ်၍ အလှဆင်နိုင်ပါသည်၊ ငွေဖြင့် ပညာကို ဝယ်၍ ဦးနှောက်ထဲ အဆင်သင့်ထည့်၍မရပါ။ ထို့အတူ နာရီကိုသာ ဝယ်နိုင်ပါသည်။ ကုန်ဆုံးသွားသောအချိန်တို့ကို ပြန်ဝယ်ယူ၍ မရနိုင်ပါ။

ကျွန်တော်တို့ ငွေရှာကြပါသည်၊ ဆွေရရန် ကြိုးစားကြပါသည်။ သို့သော် Commerce without Morality ဟူသော အကျင့်သိက္ခာမရှိသော စီးပွားရေးဖြင့် အသက်မွေးမှု မပြုလုပ်သင့်ကြပါ။ ဒုစရိုက်နှင့် သုစရိုက်လောက်ကိုတော့ မမိုတ်မသုန် ခွဲခြားသိမြင် လိုက်နာသင့်ကြပါသည်။

ချမ်းသာလိုလျှင် ချမ်းသာရာချမ်းသာကြောင်းကို ဆောင်ရွက်သင့်ပါသည်။ အလကားချမ်းသာမှုကို မရပါ။ အတိတ်ကံကောင်းလွန်း၍ ချမ်းသာလျှင်လည်း ခြေမြဲလက်မြဲ မရှိတတ်ပါ။

Wealth without Work သည်လည်း ကျွန်တော်တို့ဘဝကို ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေသည့်အရာတစ်ခုဖြစ်ပါသည်။ အလကား မချမ်းသာချင်ကြဖို့၊ ဖြတ်လမ်းက မချမ်းသာချင်ကြဖို့၊ ကိုယ်ချမ်းသာဖို့အတွက် သူများကို မစတေး၊ မပျက်စီးစေရန် အရေးကြီးပါသည်။

❑

mgyoe.com

mgyoe.com

# ကြွက်ခုတ်ဖို့ပဲလိုတဲ့ခေတ်

28th July 2008

"ကြောင်ရဲ့အရောင်အသွေးက အဓိကမဟုတ်ပါဘူး၊ ကြွက်ခုတ်ဖို့ပဲလိုတယ်"

တစ်ချိန်က တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေး ခေါင်းဆောင်ကြီး မော်စီတုန်းပြောသွားတဲ့စကားပါ။ သူ့အရှိန်အဝါကလည်း တက်နေတုန်းမို့ 'ကြွက်ခုတ်ဖို့ပဲလိုတယ်' ဆိုတဲ့အသုံးအနှုန်းဟာ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ အတော်အရှိန်ပြင်းပြင်း ဝင်ရောက်နေရာယူ သုံးစွဲခြင်းခံခဲ့ရပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ၁၉၅၀ တစ်ဝိုက်မှာ ကမ္ဘာ့နိုင်ငံတော်တော်များများ ကွန်မြူနစ်၊ ဆိုရှယ်လစ်တွေတွင်ုန်းစီပြီး 'ဟောခနဲ' 'ဟောခနဲ' ပေါ်လာကြပြီး အရင်းရှင်တွေ၊ လက်ယာနိုင်ငံတွေ အတော်အေးကျပ်နံကျပ် ဖြစ်ခဲ့ကြရပါတယ်။ အဲဒီကစပြီး စစ်အေးကာလ နှစ်ပေါင်း (၃၀) ကျော် လက်ယာနဲ့လက်ဝဲအားပြိုင်ကြပြီး ဆိုဗီယက်ပြည်ထောင်စုကြီး ဂိုဘာချော့ပ်လက်ထက် ပြိုကွဲတဲ့ကာစလို့ ၁၉၉၀ တစ်ဝိုက်မှာ ကွန်မြူနစ်တွေ၊ ဆိုရှယ်လစ်တွေ အသွင်ပြန်ပြောင်းသွားကြပြန်ပါတယ်။ သမိုင်းတစ်ပတ်လည်ခြင်းထဲကတစ်ခုပါ။ အခုကာလကတော့ လက်ယာယိမ်းနိုင်ငံတွေက အပေါ်စီးကရနေပြီး လက်ဝဲသမားတွေ မျက်နှာပန်းမလှတဲ့အချိန်လို့ ပြောနိုင်ပါတယ်။

ဒါပေမဲ့ နီပေါမှာ 'မော်ဝါဒီ' အုပ်စုတွေ ပြန်လည်ဦးဆောင်နိုင်တာရယ်၊ တရုတ်ပြည်ကြီး စီးပွားရေးမှာ အရှိန်အဟုန်ကောင်းနေတာရယ်တွေက သုတေသနပြုသူတွေကို သုတေသနတစ်ခုလုပ်ဖို့ တွန်းအားပေးနေသလို ဖြစ်ခဲ့ပါတယ်။

mgyoe.com

 mgyoe.com 

## ကျဉ်းထဲကျပ်ထဲ

လူတွေ အသိဉာဏ်တိုး၊ အတတ်ပညာတွေ တစ်ဟုန်ထိုးတိုးတက်လာတာနဲ့အမျှ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခင်းအကျင်းတွေက ကျဉ်းထဲကျပ်ထဲ ပိုလို့ရောက်–ရောက်လာပါတယ်။ သည်ခေတ်မှာ ခေါင်းဆောင်လုပ်စားကြရသူတွေလည်း အတော်အနေမချောင်ကြတော့ပါ။ ကမ္ဘာကြီး Globalization ကြောင့် ပိုပွင့်လင်းလာကြတာနဲ့အတူ ဝေဖန်မှု၊ တိုက်ခိုက်မှု၊ ရှုတ်ချမှုတွေ ပိုများလာပါတယ်။ ကမ္ဘာမှာ နိုင်ငံပေါင်း ၂၀၀ နီးပါးရှိပါတယ်။ ၁၉၂၀ ဝန်းကျင်မှာ Globalization စပြီး သက်ဝင်လှုပ်ရှားသက်ရောက်လာတာ ၁၉၅၀ မှာ ကမ္ဘာ့နိုင်ငံ (၁၀%) ၊ ၁၉၇၀ မှာ (၂၀%) နဲ့ ၂၀၀၀ မှာ ၈၀% လောက် Globalized ဖြစ်ခဲ့ကြပါတယ်။ အဲဒီ ပင်မရေစီးကြောင်းကြီး အားကောင်းမောင်းသန်ဖြစ်ဖို့ နည်းပညာတွေ၊ လူတွေရဲ့ တိုးတက်လာတဲ့အသိတွေ၊ ဆန္ဒတွေက တွန်းအားပေးခဲ့ကြခြင်းဖြစ်ပါတယ်။ သည်နေ့ Globalized ဖြစ်တဲ့နိုင်ငံတွေ (၉၀%) ကျော်သွားပါပြီ။ လက်လှမ်းဝေးတဲ့ အာဖရိကနိုင်ငံတွေ၊ အလွန်ဆင်းရဲတွင်းနက်လှတဲ့နိုင်ငံတချို့သာ ကျန်ပါတော့တယ်။ အဲဒီ Globalization က လူတွေရဲ့နေထိုင်မှုစရိုက်ကစပြီး ယဉ်ကျေးမှု၊ ပညာရေး၊ တက္ကနိုလော်ဂျီအလယ် အခု နိုင်ငံနိုင်ငံရေးစနစ်တွေကို တောင် ညာညှိတန်းစီပေးဖို့ အစပျိုးနေပါပြီ။

ဟိုနိုင်ငံ ဘာဖြစ်တယ်၊ သည်နိုင်ငံ ဘာဖြစ်နေတယ်ဆိုတာကို မိနစ်ပိုင်း ကမ္ဘာတခြားဘက်အခြမ်းက သိနေတဲ့ခေတ်ဆိုတော့ နိုင်ငံကြီးတွေရဲ့ ခေါင်းဆောင်တွေရော၊ နိုင်ငံလေးတွေရဲ့ခေါင်းဆောင်တွေရော ကျဉ်းထဲကျပ်ထဲ ရောက်သွားကြရပါတယ်။

## ဘယ်လိုခေါင်းဆောင်တွေလဲ

မတည်ငြိမ်မှု ဟန်ချက်ပျောက်နေတဲ့ ကမ္ဘာကြီး၊ လှုပ်လှုပ်ရွရွဖြစ်နေတဲ့ ကမ္ဘာကြီး၊ အထိတ်တလန့်ဖြစ်နေကြရတဲ့ ကမ္ဘာကြီး၊ တစ်မဟုတ်ချင်း မွဲသွားနိုင်ကြတဲ့သူတွေနေထိုင်ရာ မျက်မှောက်ခေတ်ကမ္ဘာကြီးရဲ့ နိုင်ငံခေါင်းဆောင်တွေ လုပ်ပုံကိုင်ပုံ၊ ပြည်တွင်းရေး၊ ပြည်ပရေး၊ ကမ္ဘာ့အရေးတွေပေါ် အခြေခံပြီး ပညာရှင်တွေက သုံးသပ်ချက်တွေထုတ်ပြီး ရုပ်လုံးဖော်လိုက်ကြတာ တချို့ တုန်တုန်လှုပ်လှုပ် ဖြစ်သွားကြရတဲ့အဆင့်အထိ ဖြစ်သွားကြရပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း (၂၀) ထဲကို ထဲထဲဝင်ဝင် သုတေသနပြုပြီး WorldPublicOpinion.org မှာ Web တင်ထားပါတယ်။ စိတ်ဝင်စားစရာ အတော်ကောင်းပါတယ်။ ကမ္ဘာ့ခေါင်းဆောင်တွေသာမက

mgyoe.com

mgyoe.com


ဒုတိယတန်းစားခေါင်းဆောင်တွေအကြောင်းလည်းပါပြီး အလားအလာရှိတဲ့ ခေါင်းဆောင်တွေအကြောင်းလည်း ပါ–ပါတယ်။

ယေဘုယျအနှစ်ချုပ်ပြောရရင် ...

- ဘယ် အဓိကနိုင်ငံ့ခေါင်းဆောင်တွေ တစ်ယောက်ကလေးကမှ သူ့နိုင်ငံအပြင်ဘက်မှာ ပြည်သူတွေရဲ့ ယုံကြည်မှုကို မရကြပါဘူး၊
- နည်းနည်းလေး နှာတစ်ဖျားသာတဲ့ ခေါင်းဆောင် (၃) ဦး ထွက်လာပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် Brown ၊ ရုရှားဝန်ကြီးချုပ် Vladimir Putin နဲ့ တရုတ်သမ္မတ Hu Jintao တို့ ဖြစ်ပါတယ်။
- ထူးဆန်းတာက ဒီမိုကရက်တစ် တစ်ဦးဖြစ်သူ Brown သာပါပြီး ကျန်တဲ့နှစ်ဦးက Dictators ဆိုတဲ့ အာဏာရှင်နှစ်ဦး ဖြစ်နေတာပါပဲ။

အဲဒီ သုတေသနပြုချက်ရဲ့ရလဒ်က ဒီမိုကရက်တစ်နိုင်ငံ ဦးဆောင်သူဖြစ်တဲ့ အမေရိကန်သမ္မတကြီး ဂျော့ချ်ဘုရှ်နဲ့ နိုင်ငံခြားရေးဝန်ကြီး Condi Rice ကို တုန်လှုပ်သွားစေခဲ့ပါတယ်။

### ဘယ်လောက်ယုံကြည်ရသလဲ

'ယုံကြည်မှု' အပေါ် ဆန်းစစ်ရာမှာ "do the right things regarding world affairs" ဆိုတဲ့ပေါ်မှာ အခြေခံပါတယ်။ ကမ္ဘာ့အရေးအရာတွေပေါ်မှာ ဘယ်လောက်မှန်မှန်ကန်ကန် လုပ်နိုင်သလဲဆိုတာပါ။ စီမံခန့်ခွဲတာက University of Maryland's Program ကဖြစ်ပြီး နိုင်ငံ ၂၀ က လူပေါင်း ၁၉,၇၅၁ ဦးကို မေးခဲ့တာပါ။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Ban Kimoon က (၃၅ %) အများဆုံးရခဲ့ပေမဲ့ နိုင်ငံတစ်ခုတည်းရဲ့ခေါင်းဆောင်မဟုတ်လို့ စာရင်းမှာ ဖော်ပြမထားပါ။

| | | |
|---|---|---|
| Putin | (ရုရှား) | ၃၂ % |
| Brown | (ဗြိတိန်) | ၃၀ % |
| Hu Jintao | (တရုတ်) | ၂၈ % |
| Sarkozy | (ပြင်သစ်) | ၂၆ % |
| Bush | (အမေရိကန်) | ၂၃ % |
| Ahmadinejad | (အီရန်) | ၂၂ % |

Ivo Daalder ဆိုသူ Brookings Institution က

mgyoe.com

mgyoe.com


'လူတွေ အခြေအနေပေါ်မှာ ဘယ်လိုခံစားနေကြရတယ်ဆိုတာရဲ့ ရောင်ပြန်ဟပ်မှုပဲ' လို့ မှတ်ချက်ပေးပါတယ်။

'ကမ္ဘာ့ခေါင်းဆောင်မှုအပေါ်မကျေနပ်မှုတစ်စိတ်တစ်ပိုင်းပါ' လို့ Richard Holbrooke (ကုလ၏အမေရိကန် သံအမတ်ကြီးဟောင်း) ကလည်း ပွင့်လင်းလိုက်ပါတယ်။

အမေရိကန်လေ့လာသူများကတော့ သမ္မတကြီး Bush လူကြိုက်တော်တော်နည်းသွားခြင်းမှာ လောလောဆယ် အမေရိကန်ရဲ့စီးပွားရေးကျဆင်းမှုနဲ့ သူ့လက်ထက်မှာ ဆင်နွှဲခဲ့တဲ့ စစ်ပွဲနှစ်ပွဲ (အာဖဂန်နစ္စတန်၊ အီရတ်) တို့ကြောင့်လို့ သုံးသပ်ပါတယ်။ အကြမ်းဖက်မှုဆန့်ကျင်ရေး တိုးပွားလာပေမဲ့ အမေရိကန်ဆန့်ကျင်ရေးတွေလည်း တိုးပွားလာနေပါတယ်။

## ဘယ်လောက်နှစ်သက်ကြသလဲ

နောက် လေ့လာရေးစစ်တမ်းတစ်ခုက 'ဘယ်ခေါင်းဆောင်တွေအပေါ် ဘယ်နိုင်ငံက နှစ်သက်ကြသလဲ' ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ နိုင်ငံ (၂၀) မှာပဲ မေးပါတယ်။ အောက်ပါရလဒ်များက နိုင်ငံ (၂၀) အနက် ခေါင်းဆောင်တွေကို နှစ်သက်တဲ့နိုင်ငံအရေအတွက် ဖြစ်ပါတယ်။

| | |
|---|---|
| Brown | (၆) နိုင်ငံ |
| Putin | (၅) နိုင်ငံ |
| Hu Jintao | (၅) နိုင်ငံ |
| Sarkozy | (၄) နိုင်ငံ |
| Ahmadinejad | (၃) နိုင်ငံ |
| Bush | (၂) နိုင်ငံ |

နိုင်ငံအလိုက် ခေါင်းဆောင်တွေအပေါ် အများစုနှစ်သက်တဲ့ နိုင်ငံမှာတော့ အမေရိကန်သမ္မတ Bush က နောက်ဆုံးမှာဖြစ်ပြီး ဗြိတိန်က Brown ကတော့ ရှေ့ဆုံးမှာဖြစ်ပါတယ်။ အဲဒီမေးခွန်းတွေအပြင် ဘယ်ခေါင်းဆောင်က အထက်မြက်ဆုံးလဲ၊ ဘယ်ခေါင်းဆောင်က သူ့ပြည်သူတွေကို အလုပ်အကျွေးပြုဆုံးလဲဆိုတာတွေအပြင် ဘယ်ခေါင်းဆောင်က ကမ္ဘာကြီးကို အလွှမ်းမိုးနိုင်ဆုံးလဲဆိုတဲ့ မေးခွန်းတွေလည်း ပါဝင်ပါတယ်။

"အစိုးရတွေရဲ့ မီဒီယာတွေအပေါ်ချုပ်ကိုင်မှုမှာ ရုရှားနဲ့တရုတ်တို့ကာ

mgyoe.com

mgyoe.com


ပိုပါတယ်။ အာဏာရှင်တွေဆိုတာ ဒီလိုပဲလုပ်ကြမှာပဲလေ”ဆိုပြီး Daalderက ပြောတယ်။ ဒါပေမဲ့ Putin နဲ့ Hu Jintao တို့က သူတို့နိုင်ငံမှာရှိတဲ့ စက်ရုံတွေကို တော့ ကောင်းကောင်းကြီးအကျိုးရှိအောင် အသုံးချနိုင်ခဲ့ကြပါတယ်လို့ မှတ်ချက် ကောင်းလေးတော့ ပြုခဲ့ပြန်ပါတယ်။

လူကြိုက်များရာမှာ Putin နဲ့ Hu တို့က ဒီမိုကရက်တွေဖြစ်တဲ့ Bush နဲ့ Brown တို့ထက် သာလွန်ကြောင်း၊ လေ့လာမှုတွေရဲ့အဖြေက ပြသပေမဲ့ Kull ဆိုတဲ့ ဒါရိုက်တာတစ်ဦးက ‘ကမ္ဘာကြီးရဲ့အာဏာရှင်စနစ်ကို ထောက်ခံတာ’ လို့ တော့ ပြောလို့မရပါဘူးလို့ စောဒကတက်ခဲ့ပါတယ်။

ဘာပဲပြောပြော ခေါင်းဆောင်တွေနဲ့ သူတို့ရဲ့ ဦးဆောင်မှုအရေးကြီးတဲ့ ကဏ္ဍ ကို ထင်ရှားစေတာကတော့အမှန်ပါ။ Democrat ပဲဖြစ်ဖြစ်၊ အာဏာရှင်ပဲဖြစ်ဖြစ် အမှားပါရင် လူတွေ လက်မခံတတ်ကြဘူးဆိုတာ ကွက်ကွက်ကွင်းကွင်းပြနေတာ လို့ နားလည်ယူလို့ရပါတယ်။ ဒီမိုကရက်တစ်နည်းလမ်းဟာ ဘယ်လောက်ပဲ ကောင်းကောင်း၊ ကျင့်သုံးတဲ့ခေါင်းဆောင်က လွဲမှားစွာကျင့်သုံးရင် ပြည်သူ့အမြင် မှာ Negative ဖြစ်တတ်ပါတယ်။

ကြောင်တစ်ကောင်ရဲ့ အရောင်အဆင်းထက် ကြွက်ခုတ်တတ်တဲ့အရည် အချင်းက အရေးကြီးတာကိုပြောတာပါ။ ဒီမိုကရေစီဟာ ကောင်းပင်ကောင်းငြား သော်လည်း အမေရိကန်တို့ရဲ့ သူတို့ပုံစံ အဓမ္မသွတ်သွင်းမှုကိုတော့ အများစုက လက်ခံချင်ဟန်မရှိကြပါ။ အသုံးမမှန်တဲ့ ခေါင်းဆောင်တွေရဲ့နည်းလမ်းကြောင့် ခပ်တိမ်တိမ် တွေးတတ်သူတွေက စနစ်ကိုတောင် အမှားမြင်လာနိုင်ကြပါတယ်။

## တခြားအမြင်က

ခေါင်းဆောင်တွေရဲ့ ကိုယ်ပိုင်နည်းလမ်းတွေကြောင့် တိုင်းပြည်တွေအပေါ် အဆိုးမြင်မှုကို လေ့လာတဲ့အခါမှာ ပါလက်စတိုင်းတွေ အဆိုးအမြင်ခံရဆုံးဖြစ်ပြီး ဘရစ်တွေက အဆိုးမြင်မှု အခံရအနည်းဆုံးဆိုတာ တွေ့ရပါတယ်။

| | |
|---|---|
| Palestine | 84% |
| Jordan | 69% |
| Egypt | 68% |
| Turkey | 66% |
| USA | 65% |
| France | 57% |
| Spain | 56% |
| Mexico | 56% |

mgyoe.com

mgyoe.com

| | |
|---|---|
| UK | 52% |
| Argentina | 51% |
| S.Korea | 46% |
| Indonesia | 44% |
| Russia | 38% |
| Iran | 37% |
| India | 30% |
| China | 22% |

တရုတ်တွေက ရုရှားတွေထက် ပိုပြီးအလုပ်လုပ်ကြတယ်၊ 'ခြစား' တိုက်ဖျက်ရေးကို ပိုပြီးဆောင်ရွက်ကြတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ တရုတ်ခေါင်းဆောင်တွေရဲ့ ကမ္ဘာ့အရေးအရာဆက်စပ်မှု၊ ပါဝင်ဆောင်ရွက်မှုကတော့ ရုရှားတွေလောက် မထက်မြက်သေးဘူးလို့လည်း သုံးသပ်လာပြလာပါတယ်။

အမေရိကန်သမ္မတဘုရှ်ထက် ဗြိတိန်က ဘလေးရ်ကို ကမ္ဘာမှာ လူကြိုက်ပိုများနေတာကတော့ ငြင်းမရတဲ့အချက်ဖြစ်ပါတယ်။ ဗြိတိန်ဟာ အမေရိကန်လောက် စီးပွားရေးအင်အားမကြီးပေမဲ့ ခေါင်းဆောင်မှုအရည်အချင်းမှာတော့ အများလက်ခံနိုင်တဲ့အခြေအနေမှာ ရှိနေတယ်လို့ ဆိုရမှာပါ။

အမေရိကန်ဟာ ပထမကမ္ဘာစစ်ရော၊ ဒုတိယကမ္ဘာစစ်ကိုပါ စစ်နယ်မြေအဖြစ် ရှောင်ကွင်းနိုင်ခဲ့တဲ့နိုင်ငံဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း စစ်လက်နက်အကြီးအကျယ်ထုတ်လုပ်ရောင်းချရင်းနဲ့ အဆမတန် အင်အားကြီးထွားလာပါတယ်။ ကမ္ဘာကို နှစ်ပေါင်း (၄၀) လောက် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်နေခဲ့ပြီး အခုအခါမှာတော့ စိန်ခေါ်မှုတွေ တသီတသန်းကြီးနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီမိုကရက်တစ်သမ္မတလောင်း Barak Obama က အာဖဂန်နစ္စတန်၊ အီရတ်အရေးကိစ္စမှာ မဟာဗျူဟာ မှားယွင်းကြောင်း၊ အမေရိကန်ရဲ့ ဦးဆောင်မှုကဏ္ဍ ကျဆင်းနေပြီး လောလောဆယ် စီးပွားရေးအကျပ်အတည်း ဖြေရှင်းမှုမှာလည်း လုံလောက်တဲ့ အားထုတ်မှုမတွေ့ရကြောင်း အကြီးအကျယ် ဝေဖန်ထိုးနှက်နေပါတယ်။

အခြားသော လေ့လာဆန်းစစ်မှုတွေအရ အမေရိကန်တွေရဲ့ ယှဉ်ပြိုင်မှုစွမ်းရည် Competency ကျဆင်းနေတယ်ဆိုတာကလည်း အချက်အလက်၊ တိတိကျကျ မြင်သာထင်သာရှိနေလို့ ငြင်းမရနိုင်အောင်လည်း ဖြစ်နေပါတယ်။ ပညာရှင်တော်တော်များများက အမေရိကန်တွေ စတင်ကျဆုံးနေပြီလို့ သုံးသပ်ပြီး "The Post American World" 'အမေရိကန်အလွန်' ဆိုတဲ့ ဝေဖန်သုံးသပ်မှုတွေတောင် အတော်များများရေးနေကြပြီ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


ပြောလည်း ပြောစရာပါ၊ စစ်တမ်းတစ်ခုအရ အမေရိကန်ပြည်သူ (၈၁%) က အမေရိန်ကန်မူဝါဒ လမ်းမှားသွားနေပြီလို့ ယုံကြည်နေကြကြောင်း သိရပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀) အတွင်း အရာရာမှာ ထိပ်ကချည်းနေခဲ့တဲ့ အမေရိကန်ကို အောက်ပါအချက်တချို့နဲ့ ထောက်ပြကြပါတယ်။ အရင်က အမေရိကန်တွေရဲ့နေရာကို အခြားနိုင်ငံတွေက အသီးသီးခွဲဝေယူသွားကြခြင်း ဖြစ်ပါတယ်။

- အမြင့်ဆုံး အဆောက်အဦ — Dubai
- အကြီးဆုံး ပြည်သူ့ကုန်သွယ်မှု — တရုတ်
- အကြီးဆုံး ခရီးသည်တင်လေယာဉ် — ဥရောပ
- အကြီးဆုံး ရင်းနှီးမြှုပ်နှံမှု ငွေကြေးရန်ပုံငွေ — Abu Dhabi
- အကြီးဆုံး ရုပ်ရှင်ထုတ်လုပ်မှု — Bollywood / India
- အကြီးဆုံး မိုးမျှော်ရဟတ် — စင်ကာပူ
- အကြီးဆုံး လောင်းကစား — မကာအို

အမေရိကန်ရဲ့ စီးပွားရေးပမာဏကို မမီသေးပေမဲ့ တရုတ်၊ အိန္ဒိယ၊ ဘရာဇီးစတဲ့ နိုင်ငံတွေရဲ့ စီးပွားရေးအင်အားကလည်း မသေးတော့ပါ။ တရုတ်ရဲ့ စီးပွားရေးတိုးတက်မှုနှုန်းက (၁၀.၈%) နဲ့ အိန္ဒိယရဲ့ တိုးတက်မှုနှုန်းက (၈.၅%) နဲ့ မှန်မှန်ချီတက်နေတာကို အမေရိကန်ရဲ့တိုးတက်မှုနှုန်း (၂.၅–၃%) နဲ့ ယှဉ်ကြည့်နိုင်မှာ ဖြစ်ပါတယ်။

နည်းပညာပိုင်းမှာလည်း နိုင်ငံတော်တော်များများက အမေရိကန်ဆီက ရယူနေကြသလို ကိုယ်ပိုင်တီထွင်မှုတွေ တစ်ဟုန်ထိုး အောင်မြင်မှုရနေတာကလည်း အမေရိကန်အတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်ပါတယ်။ ငွေကြေးကဏ္ဍဘက်မှာလည်း အရှေ့အလယ်ပိုင်းနဲ့ အိုပက်နိုင်ငံက အရန်ငွေကိုစုလိုက်ရင် ကမ္ဘာ့အထင်ကရ Wall Street ရဲ့ ရှယ်ယာတွေ တစ်ခဏချင်းဝယ်ပစ်နိုင်တဲ့အခြေအနေ ဖြစ်လို့နေပါပြီ။ အဲဒီအတွက်လည်း အမေရိကန်က ခြိမ်းခြောက်မှုခံနေရသလို ဖြစ်နေပါတယ်။ လောလောဆယ် တစ်ဟုန်ထိုးတက်နေတဲ့ ရေနံဈေးနှုန်း၊ အစားအသောက်ကုန်ဈေးနှုန်းတွေကလည်း အမေရိကန်ရဲ့ တိုးတက်မှုနှုန်းကို ဆွဲချနေပါတယ်။

အမေရိကန်ဆိုတဲ့ တစ်ချိန်က ကြွက်သိပ်ခုတ်တဲ့ကြောင်ကြီး အိုသွားပြီလား၊ ခေတ်က မော်စီတုန်း ပြောခဲ့သလိုပဲ အရောင်က အဓိကမဟုတ်၊ အသက်က အဓိကမဟုတ်၊ ကြွက်ခုတ်နိုင်မှ တော်ရုံကျမယ်ဆိုတဲ့ခေတ်ထဲ ရောက်လာပါပြီ။

❑

mgyoe.com

mgyoe.com

# ရှင်လျက်သေ၊ သေလျက်ရှင်သူများ

2nd August 2008

'ဟစ်တလာ' ဟုဆိုလျှင် အရွယ်မရွေးသိကြသည်။ တစ်ချိန်က အဖ ဂျာမနီနိုင်ငံတော်ကြီး၏ အရှင်သခင်၊ ဘုန်းမီးနေလ တောက်ပစဉ်အခါက ဟစ်တလာ လက်ညှိုးညွှန်ရာ ရွှေလည်းဖြစ်၏၊ ငွေလည်းဖြစ်၏၊ ရေလည်းဖြစ်သည်။ 'ရှင်စေ' ဆိုသည်လည်း သူ့အမိန့်၊ 'သေစေ' ဆိုလျှင်လည်း သူ့ဆန္ဒ၊ နှစ်ဆယ်ရာစု၏ ခေတ်မီလှပါသည်ဆိုသော စနစ်ပြောင်း၊ ခေတ်ပြောင်းမှာကိုပင် လွန်လေပြီးသော ရာစုပေါင်းများစွာ သက်ဦးဆံပိုင်တို့၏ အာဏာကိုရရှိထားသူ ဖြစ်သည်။

ငယ်စဉ် မိတကွဲ၊ ဖတကွဲဖြစ်စဉ်က သူ့ရင်ကို ဒဏ်ရာဖြစ်စေခဲ့သည်။ အခြေခံဖြစ်သော စားဝတ်နေရေးအတွက် ကြိုးစွာရုန်းကန်လှုပ်ရှားခဲ့ရမှုသည်လည်း သူ့နှလုံးသားကို အမာရွတ်များ ကျန်ရစ်စေသည်။ တော်လှန်ရေးကာလ ကြိုးစားခဲ့ရမှုများကလည်း အသက်ဘေးခပ်သီသီများ မကြာခဏကြုံရသောအခါ သူ့သိစိတ်၊ မသိစိတ်များတွင် မပျက်နိုင်သောပုံရိပ်များကို တည်ဆောက်ဖြစ်ခဲ့သလိုရှိခဲ့သူ ဖြစ်သည်။

ငယ်စဉ်က ဟစ်တလာ၏ ဒဏ်ရာဒဏ်ချက်များသည် သူအာဏာရလာသောအခါ ဇက်ကြိုးလွှတ်မြင်းလို တစ်ဟုန်ထိုးပြေးတော့၏။ အတိတ်က သူ့ကုသိုလ်အဟုန် အကျိုးပေးကာလနှင့် တိုက်ဆိုင်သည်လည်းဖြစ်၍ ကမ္ဘာ့အဆင့်ထိ သူ့ ဘုန်းမီးနေလက ဟုန်းဟုန်းတောက်ပြောင်၊ ခြိမ့်ခြိမ့်သဲတော့သည်။ 'နေမဝင်အင်ပါယာ' ဟုကြွေးကြော်ခဲ့သော ဗြိတိသျှတို့အကျ၊ ဟစ်တလာအတက်တွင်...

mgyoe.com

mgyoe.com


နှုတ်က ထုတ်မပြောမသော်လည်း ဂျာမနီတို့အတွက် နေမဝင်အင်ပါယာကို ဟစ်တလာ ထူထောင်နိုင်ရန် ကြိုးစားတော့သည်။ ကမ္ဘာ့တစ်လံတစ်ဖျား၊ နိုင်ငံပေါင်းများစွာ ဟစ်တလာ့ဖိနပ်အောက် ရောက်ခဲ့ကြသည်။ စကြာပုံအမှက်အသား နာဇီတံဆိပ်က နိုင်ငံပေါင်းများစွာ၏ အချုပ်အခြာဟူသောနေရာတွင် အစားထိုးဝင်ရောက်နေရာယူလာဖြစ်သည်။

ဂျာမနီတို့၏ 'ပန်ဇာတပ်မကြီး' ဟူသော အသံကြားသည်နှင့် တခြားနိုင်ငံများမှ စစ်ဗိုလ်ချုပ်တွေ ဒူးတုန်ရသည်ဟု မှတ်သားဖူးသည်။ အတိတ်အကျိုးပေးကောင်းချိန်၊ တပ်အင်အားကြီးချိန်တွင် လုပ်ချင်တိုင်းဖြစ်၊ စိတ်ကူးတိုင်း အကောင်အထည်ပေါ်နေသော ဟစ်တလာသည် နောက်ဆုံး မိတ်ဆွေနိုင်ငံများပင် မရှောင်တော့၊ ကတိဘေးချိတ်၊ ရှေ့မျက်နှာနောက်ထားပြီး သိမ်းပိုက်ပစ်လိုက်သည်။ ဟစ်တလာတွင်လည်းကောင်း၊ ဂျာမနီတွင်လည်းကောင်း ထိုစဉ်က 'မဟာမိတ်' ဟူသည် စိတ်မချရတော့။

မြန်မာပြည်တွင် ဗြိတိသျှတို့ကို တော်လှန်စဉ်က စာပေတိုက်ပွဲဝင်ခဲ့သော ခေါင်းဆောင်တစ်ဦး၏ "Hell hand at large" ဟူသော ငရဲခွေးကြီးလွှတ်နေသည် ဆိုသည့်ဆောင်းပါးသည် ဟစ်တလာအတွက် ပို၍မှန်ပေလိမ့်မည်။

တစ်ဦးချင်း ကျင့်ဝတ်ရှိကြရသကဲ့သို့ နိုင်ငံအဆင့်မှာလည်း ကျင့်ဝတ်ရှိကြရသည်။ တစ်ဦးချင်း ကျင့်ဝတ်ပျက်ယွင်းခြင်းက မဆိုသာလောက်ငြားလည်း နိုင်ငံအဆင့် ကျင့်ဝတ်ပျက်က သမိုင်းတွင်ရစ်ပါသည်။ မဟာမိတ်နိုင်ငံကို ပြန်လည်သိမ်းပိုက်ခြင်းက ဟစ်တလာအတွက် ရှင်လျက်သေစေဟူသော လုပ်ရပ်ထဲကတစ်ခုဖြစ်ပါသည်။ နိုင်ငံအဆင့်အနေဖြင့် မမှားသင့်သောအမှား၊ ခွင့်မလွှတ်နိုင်သောအမှားဖြစ်သည်။

နောက်အမှားတစ်ခုက 'ဂျူး' လူမျိုးများ 'သန်း' နှင့်ချီ၍ အဆိပ်ငွေ့လွှတ်သတ်ဖြတ်ခြင်း ဖြစ်သည်။ Genocide ဟူသော လူမျိုးတုံးသတ်ဖြတ်မှုသည် ဘယ်ဘာသာ၊ ဘယ်လူမှုအဖွဲ့အစည်းကမှ ခွင့်လွှတ်နိုင်သည့်ကိစ္စမဟုတ်၊ ဟစ်တလာလိုနိုင်ငံခေါင်းဆောင်၊ ကမ္ဘာ့ခေါင်းဆောင်တစ်ဦးအတွက် ဆိုဖွယ်ရာမရှိနိုင်။ ဟစ်တလာတွင် ထိုသို့သော အမှား၊ ခွင့်မလွှတ်နိုင်သော သမိုင်းတွင်အမှားများစွာ ရှိခဲ့သည်။

မနောက်ဆုံးရလဒ်ကား ... ဟစ်တလာ ရှင်လျက်သေခဲ့သည်၊
သူကျချိန်တွင်လည်း နိဂုံးချုပ်က မကောင်း၊
ယနေ့ ဟစ်တလာ မရှိတော့၊

mgyoe.com

mgyoe.com


သို့သော်လည်း ဟစ်တလာသည် အကြိမ်ကြိမ်သေဆဲ၊ သေနေရပါဦးမည်။

* * *

ဟစ်တလာတို့၊ အေဒီအာမင်တို့၊ မီလိုဆိုဗစ်တို့က မျက်မှောက်ခေတ်သမိုင်းမှာ အသက်မသေခင်ထဲက ရှင်လျက် ဦးစွာသေနေကြသူများ၊ သူတို့အကြိမ်ကြိမ် သေနေကြသည်မှာ မကြာတတ်သေးသော်လည်း နှစ်ပေါင်းထောင်ချီသည့်တိုင်အောင် အကြိမ်ကြိမ် ဆက်လက်သေဆဲတစ်ဦးရှိသည်။ ထိုသူကား ဒေဝဒတဟူသော ဗုဒ္ဓဘာသာဝင် အများစုသိကြသည့် ဒေဝဒတ် ဖြစ်သည်။

ဒေဝဒတ်သည် ဆုကြီးပန်၊ တစ်ချိန် သူကိုယ်တိုင် ဗုဒ္ဓအဖြစ်ခံယူတော်မူမည့်ပုဂ္ဂိုလ်ဖြစ်သော်လည်းအကြောင်း တိုက်ဆိုင်၍ လောဘ၊ ဒေါသ၊ မောဟပြင်းထန်စွာဆုံဆည်းသည့်တစ်ခဏ ဗုဒ္ဓအပေါ် အကောက်ကြံခဲ့သည့် ဘာသာရေးသမိုင်းကလူကြမ်းတစ်ဦးဖြစ်သည်။

သူကိုယ်တိုင် ထိုစဉ်က ဘာသာရေးခေါင်းဆောင်တစ်ဦးအဖြစ် ရယူလိုသောလောဘ၊ ဗုဒ္ဓခန့်အပ်ခဲ့သော လက်ဝဲရံ၊ လက်ယာရံစသော ဌာနန္တရကိုမရခဲ့သည့်ဒေါသ၊ အမှားအမှန်ကို မမြင်နိုင်၊ မခွဲခြားနိုင်ခဲ့သည့် မောဟတို့ကြောင့် ဗုဒ္ဓကိုတစ်ချိန်လုံး အကောက်ကြံနေခဲ့သူတစ်ဦး ဖြစ်သည်။ ထိုဘဝမှာပင် ဗုဒ္ဓကိုအကောက်ကြံခဲ့သည်လည်းမဟုတ်၊ ဘဝပေါင်းများစွာထဲကပင် ဒေဝဒတ်ကအကောက်ကြံ၊ ပြစ်မှားခဲ့သူ ဖြစ်သည်။

အသိရှိသောလူသားများ ဘာကြောင့် ရှင်လျက်သေကြရပါသနည်း။

ရာဇဝင်မကြီးသူတို့က အမှားကြီးတစ်ခုကျူးလွန်လျှင် ရှင်လျက်ထဲကသေကြသော်လည်း ရာဇဝင်ကြီးသူတို့ကား ရှင်လျက်ထဲက သေကြသည့်အပြင်သေပြီးနောက် ရာဇဝင်တစ်လျှောက် အကြိမ်ကြိမ် သေနေကြရပါသေးသည်။

လောဘ၊ မောဟ၊ ဒေါသဟူသော အရာသုံးခုကြောင့်ဖြစ်သည်။ တစ်ခုကြောင့်ဖြစ်နိုင်သလို သုံးမျိုးကြောင့်လည်း ဖြစ်နိုင်သည်။ မောဟဟူသော အမှား၊ အမှန်မသိခြင်းက အခြေခံသည်။ လောဘ၊ ဒေါသကြီးစွာရှိဦးတော့ အမှားအမှန်ကိုကောင်းစွာ ပိုင်းခြားနိုင်သေးလျှင် အပြစ်ကျူးခြင်းကို ဟန့်တားနိုင်သေးသည်။ သို့မဟုတ် ကြီးဧသာအပြစ်တို့ကို ကျူးလွန်မိလိမ့်မည်မဟုတ်။ 'မောဟ' ကြီးသည့်တစ်ခဏ ဒေါသသော်လည်းကောင်း၊ လောဘသော်လည်း အပံ့အပိုးဖြင့် ရာဇဝင်ကြီးသူရော၊ ငယ်သူများပါ ကျူးနိုင်ကြခြင်း ဖြစ်သည်။

မောဟကို 'ပါး' လွှားနိုင်ရန် အသိလိုပါသည်၊ အတတ်ပညာဖြင့် 'ပယ်'

mgyoe.com

mgyoe.com


ရန် မဖြစ်နိုင်၊ ဒေဝဒတ်သည် ဗုဒ္ဓ၏ယောက်ဖဖြစ်ပြီး သူကိုယ်တိုင် မင်းမျိုးမင်းနွယ် ဖြစ်၍ အဋ္ဌာရသ (၁၈) ရပ်ကို သင်ပြီးသူဖြစ်၍ အတတ်ပညာဘက်တွင် သံသယ ရှိဖွယ်မရှိ။ ဟိုခေတ်က အဋ္ဌာရသ (၁၈) ရပ်သည် လူတိုင်းသင်နိုင်သော အတတ် ပညာမဟုတ်၊ သည်ဘက်ခေတ် မဟာဘွဲ့၊ ပါရဂူဘွဲ့လိုမျိုး အထက်တန်းပညာရပ် မျိုး ဖြစ်သည်။

အတတ်သည် အတတ်သာ ဖြစ်၏။

အတတ်သည် အသိပညာကား မဟုတ်။

အသိဖြင့် အတတ်ကို အများကောင်းကျိုးအတွက် အသုံးပြုနိုင်သလို အသိ မှားဖြင့် အတတ်ကိုသုံးလျက် အများဆိုးကျိုးကိုလည်း သက်ရောက်နိုင်၏။ အတတ်ကို ခွန်အားကြီးသော ဆင်နှင့်နှိုင်းသော်၊ အသိသည် ဆင်ကိုထိန်းသော ဆင်ဦးစီး၊ သူ့လက်ထဲက 'ချွန်း' ကဲ့သို့ဖြစ်သည်၊ အတတ်များပြီး အသိနည်းပါက 'ချွန်းမဲ့ဆင်' ဖြစ်၍ ပိုမိုကြီးမားသော ဆိုးကျိုးကို ပေးနိုင်သည်။

ဗုဒ္ဓသည် အတတ်ရော၊ အသိပါပြည့်စုံသည့် မဟာလူသားဖြစ်၍ သုံးလောကသားတို့၏ အကျိုးကိုဆောင်သူဖြစ်သည်။ ဒေဝဒတ်က ဗုဒ္ဓအား လုပ်ကြံခြင်းသည် လူသားကောင်းကျိုး သယ်ပိုးသောသူကို ပျက်စီးရန်အားထုတ် သဖြင့် သွယ်ဝိုက်ခြင်းအားဖြင့် လူသားများ၏အကျိုးကို ပျက်စီးစေသူ၊ ဖျက်စီးသူ ဖြစ်၏။

ဒေဝဒတ်အမှားက သေးငယ်သောအမှားမျိုးမဟုတ်၊

ဒေဂဒတ်ကိုယ်တိုင်လည်း သာမန်လူသားမဟုတ်၊

ရာဇဝင်ကြီးသူ၏ မဟာအမှားသည် အကြိမ်ကြိမ်သေရ၏။

လူမသေခင်ကတည်းက နာမည်သေရ၏။

နှစ်ပေါင်း (၂၆၀၀) နီးပါးအတွင်း ဒေဝဒတ် အကြိမ်ကြိမ်သေရ၏။

ဆက်လက်လည်း သေနေဦးမည် ဖြစ်သည်။

* * *

အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား

ဤသုံးပါးသော 'မင်း' တို့ မြန်မာရာဇဝင်တွင် ကြီးကျယ်သောနေရာကို ရယူထားကြသည်၊ အတတ်ရှိ၊ အသိကြီးသောမင်းများဖြစ်၍ လူသားများကို ကောင်းကျိုးပြုနိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ကို တည် ထောင်နိုင်ခဲ့သော မင်းကောင်းမင်းမြတ်များ ဖြစ်ကြသည်။

mgyoe.com

mgyoe.com


ဘာသာရေး ကိုင်းရှိုင်းကြသောမင်းများ ဖြစ်လင့်ကစား အနော်ရထာနှင့် မင်းတုန်းမင်းကို စာစ်တန်းတည်းထား၍မရ၊ 'မင်း' ချင်းတူသော်လည်း သီပေါအရာက အနော်ရထာသမိုင်း အစွန်အဖျားမရှိနိုင်။

ဘာကြောင့်ပါနည်း?

အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်း (၃) ပါးလုံး မဂ်ရ၊ ဖိုလ်ရကြသည်ဟု မမှတ်ဖူး၊ မဖတ်ဖူး၊ လောဘ၊ ဒေါသ၊ မောဟ ကုန်ခန်းသည်ဟုလည်း ဘယ်စာမှမရေး၊ အ လောဘ၊ အ ဒေါသ၊ အ မောဟ မဖြစ်ကြသေးသော်လည်း လောဘ၊ ဒေါသတို့ကို မျှတစွာရှိနေနိုင်ရန် မောဟပါးလျသူများဖြစ်သည်ဟု သုံးသပ်နိုင်ပါလိမ့်မည်။ အထူးသည်ကား ထိုမင်းတို့လက်ထက် ပြည်သူများ စည်းရုံးနိုင်ခြင်း၊ သာယာဝပြောခြင်း၊ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာရှိကြခြင်းဟူသော အများကောင်းကျိုးကို အဆောင်ကြဉ်းနိုင်ဆုံးသူများ ဖြစ်ခဲ့ကြခြင်းကြောင့် ဖြစ်သည်။

အနော်ရထာလက်ထက် ဘာသာရေး သန့်စင်နိုင်ခဲ့ခြင်း၊ အယူမှန်ကို မျိုးစေ့ချပေးခဲ့ခြင်းသည် အဖိုးမဖြတ်နိုင်၊ အနော်ရထာကြောင့် သည်နေ့ မြန်မာနိုင်ငံတွင် ထေရဝါဒပြန့်ပွား ဆည်းပူး၊ အယူမှန်နိုင်ခြင်းဖြစ်သည်။

ဘုရင့်နောင်နှင့် အလောင်းဘုရားတို့သည် စစ်သူရဲများဖြစ်ကြသော်လည်း ပြည်သူများကို ရင်ဝယ်သားကဲ့သို့ ကျင့်ကြံခဲ့သည်။ ဘုရင့်နောင်ဆိုလျှင် သူ့လက်ထက် ယိုးဒယားအထိ နယ်မြေချဲ့ထွင်ခဲ့သော်လည်း သူ့ကို 'ကျူးကျော်သူ' ဆိုသောအမြင်ထက် သူရဲကောင်းတစ်ဦး အများအကျိုးအတွက်ရှေးရှုခဲ့သော မင်းကောင်းမင်းမြတ်အဖြစ် ယနေ့ထက်ထိ ထိုင်းနိုင်ငံတွင် ပြောစမှတ် ရှိနေသေးသည်။

မြန်မာ့သမိုင်းတစ်လျှောက် မင်းကောရာဇ် ရာပေါင်းများစွာရှိခဲ့သည့်အနက် ဘာကြောင့် ထိုမင်းသုံးပါးလောက် နေရာမပေးခဲ့ကြပါသနည်း၊ ထိုမင်းသုံးပါးထက် ဘာသာရေး ပိုကိုင်းရှိုင်းသော မင်းများလည်း ရှိခဲ့ပါသည်။ ထို မင်း ၃ ပါးက အခြားမင်းများကဲ့သို့ မိဖုရား၊ ကိုယ်လုပ်မောင်းမများစွာကို ယူခဲ့သည်ချည်း ဖြစ်သည်။ သို့ဆိုလျှင် ဘာက ခြားနားသွားပါသနည်း၊ ထိုမင်းတို့၏ အသက်ကား မရှိကြသော်လည်း သူတို့၏ ဝိညာဉ်များကား မြန်မာ့သမိုင်းတစ်ခုလုံး နေရာတိုင်းမှာ ရှိနေ၏။ အကြိမ်ကြိမ် ရှင်သန်ထမြောက်ကြသည်။ သူတို့ကား မသေ၊ ဆက်လက်လည်း အဖန်ဖန် ရှင်သန်ကြဦးမည်သာ ဖြစ်သည်။

ထိုမင်း (၃) ပါးတို့ သမိုင်းကြီးကြခြင်းမှာ ပြည်သူအကျိုးပြု ကြီးကျယ်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် နိုင်ငံတော်စည်းရုံးနိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်မှာ သံသယ

mgyoe.com

mgyoe.com


ဖြစ်ဖွယ်မရှိ၊ ထိုမင်းတို့လက်ထက် ပညာရှိများကို ချီးမြှောက်ခဲ့၏။ လူတော်များကို နေရာပေးခဲ့၏။ လူတော်များ၊ ပညာရှင်များဖြင့် တိုင်းပြည်ကို တည်ဆောက်ခဲ့၏။ ထို့ကြောင့် သမိုင်းရာဇဝင်တွင် အကြိမ်ကြိမ် လူသေလျက် အသက်ရှင်နေကြခြင်း ဖြစ်သည်။

* * *

'ကံ' ၏ သဘောတရားများတွင် 'တူသောအကျိုးပေး' သည် တစ်ခုဖြစ်သည်။ တူသည့်အကျိုးကိုသာ ပေးသည်၊ မတူသောအကျိုးကို ပေးသည်မဟုတ်၊ 'ကံ' သည် ပြုခဲ့ပြီးလျှင် ရှောင်ကွင်း၍မရတော့၊ 'အဟောသိကံ' နှင့်'လဟုကကံ' ဟူသောအကျိုးပေးအားနည်းသည့် 'ကံ' မျိုးမှတပါး 'ဂရုကာ' ကံကဲ့သို့ အင်အား အဟုန်ကြီးမားသော ကံမျိုးကိုဖြစ်စေခဲ့သောလုပ်ရပ်မျိုးတွင် ယတြာလည်းမရ၊ ကောက်ကင်းလည်းမနိုင်။

ဒေဝဒတ်သည် ဘုရားကို အကြိမ်များစွာ လုပ်ကြံခဲ့သူဖြစ်သည်။ ဗုဒ္ဓဟူသည် သာမန်လူသားမဟုတ်၊ မဟာလူသားဖြစ်သည်။ ထိုကဲ့သို့ မဟာလူသားကို လုပ်ကြံခဲ့သော ဒေဝဒတ်၏အတိတ်လုပ်ရပ်များအတွက် သူ့အကုသိုလ် ရင့်ကျက်အကျိုးပေးမှုသည် အင်အားကြီးမား၍ ဂရုကကံအဖြစ် ပြောင်းလဲကာ တူသောအကျိုးကို ထိုဘဝမှာပင် ပြန်ပေးခြင်းခံရတော့၏။ နောက်ဘဝသို့ မစောင့်ချေ။ နောင်တရ၍ ဒေဝဒတ်က ဘုရားရှင်အား တောင်းပန်မည်ဟု ကြိုးစားချိန်ကိုပင် မပေးတော့။ ဘုရားရှင်ထံ အသွားလမ်းမှာ မြေမျို၏။ အသေဆိုးနှင့်သေခြင်း ဖြစ်သည်။ အရှင်လတ်လတ် မြေမျိုသောဒုက္ခကို ဒေဝဒတ် နောင်ဘဝမကူးမီ ခံစားပြီးမှသေရခြင်း ဖြစ်သည်။

အတိတ်ဘဝမှပြုခဲ့သော အကုသိုလ်၊ ကုသိုလ်တို့၏ အကျိုးပေးဖြင့် ယခုဘဝတွင် ဘဝအမျိုးမျိုးဖြစ်ကြရသည်။ အကျိုးပေးနည်း၍ တိရစ္ဆာန်ဘဝ ဖြစ်ကြသူတွေရှိသလို အကျိုးပေးသန်၍ လူ့ဘဝဖြစ်ကြရသူတွေလည်း ရှိသည်။ 'အောင်မှတ်' မီရုံဖြင့် လူ့ဘဝရကြသည့်တိုင် လူသာမန်လို အင်္ဂါမပြည့်စုံသူများလည်း အများအပြားဖြစ်သည်။ သူဌေးဝမ်းထဲ ဝင်စားသူရှိသလို သူဆင်းရဲများဝမ်းထဲ ရောက်ကုန်ကြသူများလည်း ရှိသည်။ အတိတ်ကံသည် ပဋိသန္ဓေကာလမှာပင် ကွဲကွာစွာ သူ့အကျိုးပေးနှင့်သူ ဖြစ်သည်။

လူလားမြောက်သည့်အခါ အတိတ်နှင့်ပစ္စုပ္ပန်ကံများ ပေါင်းစည်းပြန်ပြီး ဆင်းရဲသူများချမ်းသာကြသလို ချမ်းသာသူများ ပြန်ဆင်းရဲသွားကြသည့် ဖြစ်ရပ်

mgyoe.com

mgyoe.com

များလည်း မနည်းချေ။ ပစ္စုပ္ပန်၏ ကံ၊ ဉာဏ်၊ ဝိရိယသုံးပါးပေါ် အခြေခံ၏။ 'ကံ'သည် တကယ်ရှိသောအရာဖြစ်သည်။ ဗုဒ္ဓသည် 'ကံ'ကို ယုံကြည်စေသော်လည်း ကံပေါ်ဂုံးဝ 'မပုံ'ခိုင်းခဲ့ချေ။ ဉာဏ်နှင့် ဝိရိယအရာတို့ကိုလည်း ဒဟာတော်မူခဲ့သည်။

ကံယုံ၍ ဆူးပုံနင်းလျှင် ဆူးစူးခံရမည်ဖြစ်ပြီး ဉာဏ်အရာနည်းပါး၍ဖြစ်ကြောင်း ဗုဒ္ဓဟောခဲ့ပြီးဖြစ်သည်။ 'ကံ'သည် ပစ္စုပ္ပန်တစ်ခုတည်း၏ လုပ်ရပ်ကြောင့်ဟု တထစ်ချမှတ်ယူ၍မရ။ အတိတ်ကိုလည်း ပြန်လည်သွားရောက်ပြင်ဆင်၍မရစကောင်း၊ ပစ္စုပ္ပန်၌ 'ကံ'အရာကို သုတရှိခဲ့လျှင် ဉာဏ်ဖြင့်ဆင်ခြင်၍ ကောင်းသောကံများကို မွေးမြူသင့်သည်။ ချက်ချင်းတော့ အကျိုးပေးလိမ့်မည်မဟုတ်၊ အပွင့်မှအကင်း၊ အကင်းမှအသီး တဖြည်းဖြည်းရင့်ကျက်ပြီး မှည့်ဝင်းသည့်အခါမှ ပြုခဲ့သောကံများက အကျိုးပေးကြခြင်းဖြစ်၍ ကြိုတင်မွေးမြူသင့်ကြသည်။ ဤသို့သော ယုံကြည်မှုမျိုးကို 'အသိ'မှသာ ရတတ်သည်။ အသိဟူသည်လည်း ပညာရင့်မှရတတ်သောအရာ ဖြစ်သည်။

* * *

လောကတွင် ရှင်လျက်သေကြသူများ ရှိခဲ့သည်၊

အသက်မဲ့ပြီး အကြိမ်ကြိမ် ပြန်လည်သေကြရသူများလည်း ရှိသည်။

ဆန့်ကျင်ဘက်ဖြင့် လူသေသော်လည်း သမိုင်းကောင်းပြီး အကြိမ်ကြိမ်သေပြီးမှ ရှင်ကြရသူများလည်း ရှိသည်။

ထိုသို့သော သေခြင်း၊ ရှင်ခြင်းတို့ကို အခြားသူက ပြုလုပ်သည်မဟုတ်၊ ကာယကံရှင်ကသာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သူ့လုပ်ရပ်၊ သူ့စေတနာအတိုင်းအတာဖြင့် အကြိမ်ကြိမ်သေ၊ အကြိမ်ကြိမ် ရှင်နေကြခြင်းသာ ဖြစ်သည်။

အခြင်းအရာနှစ်ခုလုံးသည် အသိနဲ့၊ ပညာနည်း၊ ပညာကြီး၊ အသိမြင့်ကြ၍ ဖြစ်ကြရခြင်းသာ ဖြစ်သည်။ အဆိုးဘက်သည် မောဟကြီးသူများ၏အရာလည်း ဖြစ်သည်။ ဒေါသကြီးသူ၊ လောဘကြီးသူ၊ ရာဂကြီးသူများ၏အရာလည်း ဖြစ်သည်။ ထိုအခြင်းအရာမျိုးမှ ကင်းလွတ်ရန် ပတ်ဝန်းကျင်ကောင်းရှိဖို့ လိုသည်။ ယနေ့အခေါ် Good Environment ကောင်းစွာရှိသင့်သည်ဟုဆိုသည်။ ဖန်တီးယူ၍ရသောအရာ ဖြစ်သည်။ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုးဖြစ်သည်ဟူသောစကားပုံသည် ထို Environment ကို ရည်ညွှန်းသည်။

တချို့ကား ပတ်ဝန်းကျင်ကောင်းသော်လည်း အသိနဲ့ကြသူများလည်း

mgyoe.com

mgyoe.com


ရှိကြသည်။ တချို့မိတ်ဆွေကောင်းများရှိကြသော်လည်း အမှားကို ပြင်ဆင်လိုခြင်း မရှိကြသူများကိုလည်း အများအပြားတွေ့ရသည်။ လောဘများ၊ ဒေါသများ၊ မောဟကြီး၍ ဖြစ်ဖွယ်ရှိသည်။ တချို့ အသိဉာဏ်ဝေးလွန်းသော (Knowledge Distance) ကြောင့်လည်းဖြစ်၏။ အသိနည်းလျှင် အသိဖြည့်သင့်၏။ ဆန္ဒကြီးလျှင် မဇ္ဈိမပဋိပဒါဖြင့် ချွန်းအုပ်သင့်၏။ အ လောဘ၊ အ ဒေါသ၊ အ မောဟ ဖြစ်ရန်လိုသည် မပြောလိုသော်လည်း အစွန်းရောင်သော အလယ်အလတ်လမ်းစဉ်သည် ရေးအခါကရော၊ မျက်မှောက်စီမံခန့်ခွဲရေး ပညာမှာရော အသုံးကောင်းစွာ တည့်၍ နာယူလက်ခံသင့်သည်။

သေလျက်ရှင်သူများ ပေါ်များ၍ ရှင်လျက်သေကြသူများ နည်းပါးကြရန် ဖြစ်သည်။

❑

mgyoe.com

mgyoe.com

# အလုပ်ဖြစ်ကြည့်စမ်းချင်

4th August 2008

နိစ္စဓူဝ လူတိုင်းအလုပ်လုပ်ကြသည်၊ 'အဖြစ်လုပ်' ကြသည်လား၊ 'အလုပ်ဖြစ်အောင်' တကယ်လုပ်ကြသည်လား ခွဲခြားစိတ်ဖြာနိုင်ရန်လိုသည်။ တချို့သိလျက်နှင့် 'အဖြစ်' လုပ်ကြသော်လည်း တချို့ မသိလျက် အဖြစ်လုပ်နေကြခြင်းကို အလုပ်ဖြစ်သည်ဟု အထင်ရှိကြသည်။ 'အဖြစ်' နှင့် 'အနှစ်' ကို ခွဲခြားတတ်ရန်မှာ အသိပညာရှိရန် လိုအပ်ပါသည်။ ပညာကို အကြမ်းအားဖြင့် ခေတ်သစ်နည်းအရ Education နှင့် Experience တို့၏ အပေါင်းအပြုမှထွက်ပေါ်လာသော အသီးအပွင့်ဟု သတ်မှတ်သည်။ ယနေ့အသုံးများသော Knowledge ဖြစ်၏။ သာမန် 'သုတပညာ' အဆင့်တွင်သတ်မှတ်နိုင်သည်။ Knowledge ဖြင့် မိမိဘာကို လုပ်နေသည်ဟူသော 'Know-what' ကို သိနိုင်သည်။

ပညာတစ်ဆင့်တက်လျှင် ဘာကြောင့်လုပ်နေရတာလဲဟူသည်ကို သိသည်။ 'Know-why' ၏အရင်းခံ Wisdom ကိုတွေ့ရမည်။ 'ထိုးထွင်းသိပညာ' ဟု နားလည်နိုင်မည်၊ ထိုမှတစ်ဆင့်တက်သော် အသေအချာ၊ အတတ်အအပ်ကို သိသော (Know for sure) ဖြစ်သည်။ Enlightenment ဟူသည် 'တတ်အပ်သိပညာ'အဆင့်သို့ရောက်သည်။ ဝိပဿနာခရီးဆုံးတွင် နိဗ္ဗာန်ရှိသည်ဟူသော အသေအချာသိသည့်ပညာမျိုးဖြစ်သည်။

သာမန်လူသားတစ်ဦးအတွက် အကုန်မသိနိုင်၊ သိသည့်ရှုထောင့်၊ သိသည့်အဆင့်၊ သိသည့်အတွေ့အကြုံများ ကွဲပြားခြားနား၏။ ထို့ကြောင့် မိမိတို့ဖြတ်သန်းလာသော အတွေ့အကြုံနှင့် ရယူခဲ့သောပညာတို့ကို 'မျှဝေခံစား' နိုင်ရန် Seminar, Talk စသည်တို့ကို လုပ်ပေးနေကြခြင်းဖြစ်သည်။ Share လုပ်သည်ဟုဆိုသည်။ Share လုပ်ပေးသူတို့ကို ကျေးဇူးတင်ရန် ကောင်းသည်။

mgyoe.com

mgyoe.com


## ခွဲခြမ်းစိတ်ဖြာကြည့်

Analytical Thinking ဟူသော ခွဲခြမ်းစိတ်ဖြာတွေးဆတတ်မှုသည် အသုံးဝင်၏။ ကောင်းကျိုး ဘွက်/ မဘွက် လုပ်ရပ်များကို ဆင်ခြင်နိုင်၏။ Result Oriented အချိန်အခါဖြစ်၍ ရလဒ်တစ်ခုမထွက်လျှင် သိလျက်ဖြစ်စေ/ မသိသော်ဖြစ်စေ၊ 'အဖြစ်လုပ်' သည်ဟု သတ်မှတ်နိုင်သည်။ ကမ္ဘာတွင်ရော၊ မြန်မာတွင်ပါ အစည်းအဝေးများစွာ ကြားလူတွေ ခေါင်းမဖော်နိုင်ကြ။ ရလဒ်အသို့နည်း၊ မည်မျှကောင်းမွန်သော အတွေးအခေါ်တို့ကို ဆွေးနွေးနိုင်ခဲ့ကြပါသနည်း။ Implementation ဟူသော အကောင်အထည်ဖော်မှုပိုင်းကိုရော မည်မျှထက်မြက်စွာ ဆောင်ရွက်နိုင်ကြပါသနည်း။ ရလဒ်နှင့် စိုက်ထုတ်မှု အချိုးကျပါ၏လား၊ Review ပြန်လုပ်မိသူ အလွန်နည်းသည်၊ ပြန်လည်သုံးသပ်မှု ဆောင်ရွက်သင့်၍ ရလဒ်တို့ကို မှတ်တမ်းတင်သင့်သည်၊ သို့မှသာ အဖြစ်လုပ်ခြင်းမှ ရှောင်ကြဉ်နိုင်ကြပါသည်။

* * *

သပြေကန်ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသ ရေးသားခဲ့သော စာတစ်ပိုဒ်မှာ အတော် ခရီးရောက်သည်။ ဖြန့်ကျက်တွေးယူသော် ထို့ထက်ပိုသည်။

"ဗုဒ္ဓအလိုကျ အဆင်တန်ဆာတွင်

– လက်၏တန်ဆာသည် လက်စွပ်၊ လက်ကောက်မဟုတ်၊ ပေးကမ်းစွန့်ကြဲခြင်းသာ၊
– နား၏တန်ဆာသည် နားကပ်၊ နားတောင်းမဟုတ်၊ တရားဓမ္မနာကြားခြင်းသာ၊
– ကိုယ်၏အဆင်တန်ဆာသည် ဘယက်၊ ဒွာဒရာမဟုတ်၊ မေတ္တာ၊ ကရုဏာဖြင့် သူတပါးအကျိုး ဆောင်ရွက်ခြင်းသာ"

Self Interest ဟူသော ကိုယ်ကျိုးစီးပွားဖြင့်ယှဉ်ကာ မွေးလာကြသူများဖြစ်၍ ကိုယ့်ကိုယ်ကို ဦးစွာကြည့်ရှုခြင်းအပေါ် အပြစ်ဆိုသည်မဟုတ်၊ Maslow's Hierarchy ဆိုသော လူသားလိုအပ်ချက် ဘုံ (၇) ဆင့်တွင် အောက်ဆုံးအဆင့်သည် 'စားဝတ်နေရေး' ဖြစ်သည်။ Physiological Needs ဟုဆိုသည်။ အသက်ရှင်သန်ရေး အဓိကလိုအပ်ချက်ဖြစ်သည်။ အချို့က Survival Needs ဟုလည်း ပြောသည်။ ထိုအဆင့်လွန်မြောက်သော် 'လုံခြုံမှု' လိုအပ်လာသည်၊ Safety Needs ဟုခေါ်ပြီး နေစရာအိမ်၊ လူမှုရေးအကာအကွယ်တို့ ပါဝင်သည်၊ နောက်

mgyoe.com

mgyoe.com

တက်လာသော် Belongingness Needs ဟူသော ကိုယ့်ကိုယ်ကို သူများက အသိအမှတ်ပြုခံလိုမှု၊ 'ငါဘယ်သူ' ဆိုသောအဆင့်သို့ ကြိုးစားကြပါသည်။ ထိုအထက်များတွင်မူ Cognitive Needs, Aesthetic Needs နှင့် Self Actualization Needs ဟူ၍ တစ်ဆင့်ချင်း တက်သွားပါသည်။ အမြင့်ဆုံးအဆင့်ကို တချို့က 'ငါဘာမှမဟုတ်တော့ပါလား' ဟူ၍ အရာရာပြည့်စုံပြီးနောက် အမှန်သိမြင်ခြင်းဟု ခံယူကြပြီး တချို့က ဆန့်ကျင်ဘက် 'ငါ ... တကယ်စွမ်းသူ' ဟု ခံယူကြသည်။

ပထမအဆင့်၊ ဒုတိယအဆင့်များတွင် (ရှင်သန်မှု၊ လုံခြုံမှု) တို့အတွက် အများအကျိုး Public Interest အတွက် မဆောင်ရွက်နိုင်သေးခြင်းကို အပြစ်ဆိုဖွယ်မရှိသော်လည်း တတိယအဆင့်တွင်မူ အများအတွက် အနည်းအများ စတင်သင့်ကြသည်။ တိုးတက်သောနိုင်ငံများတွင် Civil Society / public services ဟူသော မြို့ပြအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းများ အများအပြားရှိကြပြီး ထိုအဖွဲ့အစည်းများတွင် မိမိတို့၏အချိန်၊ အားထုတ်မှုတို့ကို တစ်စိတ်တစ်ပိုင်း ပေးကြသည်။ ထိုအဖွဲ့အစည်းများက သူ့နိုင်ငံ၊ သူ့လူမျိုး ရေရှည်တိုးတက်မှုအတွက် တိုက်ရိုက်ရော၊ သွယ်ဝိုက်၍ပါ အကျိုးပြု၏။ Civil Society များများရှိသောနိုင်ငံသည် တိုးတက်မှုညွှန်းကိန်းတစ်ခုသဖွယ်လည်း ဖြစ်သည်။

ယနေ့ လူအများစု (တတိယအဆင့်မှအထက်သို့) သည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပြည့်စုံသော်လည်း အများအကျိုးအတွက် စိတ်ရင်း၊ စိတ်သန်းဖြင့် တကယ်ပါဝင်ဆောင်ရွက်နေကြပြီလား၊ အကျိုးကောင်းအတွက် ညောင်ရေသွန်းခြင်းသည် အလုပ်ဖြစ်သည်ဟု ပြောနိုင်သော်လည်း 'လှူတန်း' ခြင်းဖြစ်၍ လောကုတ္တရာတွေးဖြင့် တွေးသင့်သည်၊ စေတနာအရင်းခံ၍ လောကီအကျိုးမဖက်သော ဒါနမျိုးဖြစ်ပါမှ အလုပ်ဖြစ်သည်ဟု မြင်ပါသည်။

ဆရာတော်ကြီးက 'နား၏တန်ဆာသည် တရား၊ ဓမ္မနာကြားခြင်းသာ' ဖြစ်သည်ဟု မိန့်ခဲ့သည်။ ဖြန့်ကျက်တွေးနိုင်၊ တွေးကောင်းသောအဆိုအမိန့် ဖြစ်သည်။ လောကီဝတ် အဆုံးမသတ်နိုင်ကြသေးသူများအတွက် 'နား၏တန်ဆာ' ကို ပညာရယူရာ၌ သုံးနိုင်၏။ တရားဓမ္မနာကြားခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း အမှန်တရားပညာကို နာကြားခြင်းဖြစ်သည်။ လောကီ စီးပွားရေး၊ လူမှုရေးအတွက် ပညာဖြစ်ရာများကို နာယူခြင်း၊ အသိသို့အဆင့်ပို့ပေးခြင်းအဖြစ် 'နား' ကို အသုံးချနိုင်၏။ ယနေ့ ကျွန်တော်တို့နားများ၏ အဆင်တန်ဆာကား အဘယ်ပါနည်း၊ ကိုယ်တိုင်က မိန်းမစိန်နားကပ်ကြီး ပန်ရန်အဖြစ်က ရှန်းမလွတ်သေးပါ။

mgyoe.com

mgyoe.com


အခြားသူအများစုမှာလည်း ထို့ထက် မပိုနိုင်ကြသေး။ Bill Gates တို့ ဇနီးမောင်နှံ ကမ္ဘာတစ်ဝန်း အလှူဒါန ဘီလီယမ် (၂၀) ကျော်သည် အံ့မခန်း အတုယူဖွယ် ကောင်းပါသည်။

"ကိုယ်၏အဆင်းတန်ဆာသည် မေတ္တာကရုဏာဖြင့် သူတပါးအကျိုး အတွက်" ဟု ဆရာတော်ကြီးက မိန့်ကြားထားသည်။

ကျွန်တော်တို့ မေတ္တာ၊ ကရုဏာစစ်စစ်ဖြင့် အများအကျိုးအတွက် မည်မျှ ဆောင်ကြဉ်းပြီးကြပါသနည်း၊ Maslow ၏ Human Needs အဆင့် (၃) အထက် ရှိကြသူများ သည်အဆင့် (၁) ဖြစ်သော 'ဘဝရှင်သန်ရေး' အတွက် အနိုင်နိုင် ကြိုးစားနေကြသူများကို မည်မျှတာဝန်ကျေနေကြပါသနည်း၊ Land Crusier စီးပြီး ကာရာအိုကေဆိုင်တွင် သိန်းနှင့်ချီ၍ နာရီပိုင်းအတွင်း သုံးနိုင်သူနှင့် တစ်နေ့ (၁၀) နာရီမက ကြမ်းတမ်းပင်ပန်းစွာ အလုပ်လုပ်ကိုင်ပြီးမှ ဆာနံ့ဝယ်ရ၊ ကန်စွန်းရွက် ဗယ်ရ၏ တစ်နေ့လုပ်မှ တစ်နေ့စားသူတို့ကို နှိုင်းယှဉ်မိလာပါသည်။

အဖြစ်လုပ်သည်၊ အလုပ်ဖြစ်သည်ကို လောကီပေတံဖြင့် တိုင်းလျှင်လည်း ရသည်၊ ထို့ထက် ပို၍ထိရောက်လိုသော်၊ လောကုတ္တရာအမြင်ဖြင့်ယှဉ်လျှင် ပို၍အလုပ်ဖြစ်လာမည် ဖြစ်သည်။ ထိုသို့အလုပ်မျိုး ဖြစ်စေကြည့်စမ်းချင်သည်။

* * *

တစ်ရက် အမှတ်မထင် သားငယ်ပေးသော မေတ္တာရှင် (ရွှေပြည်သာ) ၏စာအုပ်ကိုဖတ်ရင်း ပို၍အလုပ်ဖြစ်ခြင်းများကို ဖြန့်ကျက်တွေးမိလာသည်။ စီမံခန့်ခွဲမှုပညာ (Management) ထက်ပို၍ လောကုတ္တရာဘက် အစဉ်းစားပိုလာသည်။ အသက်က စကားပြောသည်လည်း ဖြစ်နိုင်၏။ နောက်ပိုင်း အလုပ်ဖြစ်ခြင်းကို လောကီထက် ပို၍သတိထားဆောင်ရွက်ဖြစ်သည်။

(ဗေဒင်က ရက်ရာဇာနဲ့ ပြဿဒါးကို ပဓာနထားတယ်၊ မြတ်စွာဘုရားက ကုသိုလ်နဲ့အကုသိုလ်ကို ပဓာနထားတယ်။)

ဗေဒင် အဓိကထားသော ရက်ရာဇာနှင့် ပြဿဒါးသည် တကယ်တော့ လူတိုင်းအတွက်၊ အချိန်တိုင်းအတွက် မှန်ကန်သည်ဟူသော အထောက်အထားမရှိ၊ အတက်အကျ၊ ကောင်းကာလ၊ မကောင်းကာလတွေက စကားပြောသေးသည်။ တကယ်အလုပ်မဖြစ်၊ သို့သော်လည်း ကောင်းမှုလုပ်က ဆင်းရဲချမ်းသာမရွေး ကုသိုလ်ရ၍ မကောင်းမှုဆောင်က မည်သူမဆို အကုသိုလ်၏ အကျိုးတရားကို ပြန်လည်ခံစားနိုင်သည်မှာ ထာဝရမှန်ကန်သည်။ အလုပ်တကယ်ဖြစ်၏။

mgyoe.com

ဘယ်ကဲ့သို့ စေတနာ၊ ကုသိုလ်မည်သို့ယူရမည်ဟူသော အသိသာရှိဖို့ လိုသည်။

(အကုသိုလ်ဖြစ်ခြင်းရဲ့ အဓိကအကြောင်းအရာဟာ 'အယောနိသော မနသိကာရ' သူတပါးအပေါ် မကောင်းမြင်ဝါဒရှိခြင်းပဲ ဖြစ်ပါတယ်၊ ကုသိုလ်ဖြစ်ခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ 'ယောနိသော မနသိကာရ' သူတစ်ဖက်သားအပေါ် အကောင်းမြင်ဝါဒရှိခြင်းပဲ ဖြစ်ပါတယ်။)

အလုပ်ဖြစ်အောင် တကယ်လုပ်လိုလျှင် ဘာမှမလိုဘဲ Maslow ဘုံခုနစ်ဆင့်က လူအားလုံး လုပ်လို့ရသောအချက်ဖြစ်သည်၊ လူတစ်ဦးတွင် ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်နှစ်မျိုးရှိသည့်အနက် ယှဉ်တွဲမဖြစ်တည်နိုင်၊ တစ်ခုမဟုတ် တစ်ခုသာ ဖြစ်တည်ရှိသည်ကို သတိထားမိ၏။ ကုသိုလ်စိတ်မထားနိုင်လျှင် အကုသိုလ်ပွားများခြင်းဖြစ်၍ ကုသိုလ်စိတ်များများမွေးနိုင်ဖို့ ဖြစ်သည်။ အလကားရသောကုသိုလ်ကို စိတ်ထားတတ်ခြင်းဖြင့် ရနိုင်ရာဖြစ်၍ ကျွန်တော်တို့ စိတ်ထားမှန်သင့်ကြသည်။

အကုသိုလ်ရလျှင်ပင် ကြီးလေးသော 'ဂရုက' ကံလိုမျိုးကို အလေးအနက်ရှောင်ရှားနိုင်ဖို့ လိုသည်။ ထိုကံမျိုးသည် စွမ်းအားကြီး၍ အခြားအားနည်းသော ကုသိုလ်ကံများကို အကျိုးပေးပိတ်ပင်နိုင်သည်။ ဂရုကကံဖြစ်စေသော အရာ (၆) မျိုးမှာ (၁) အမိသတ် (၂) အဖသတ် (၃) ရဟန်းသတ် (၄) ဘုရားရှင် သွေးစိမ်းရှင်ထွက် (၅) သံဃာသင်းခွဲ (၆) ကုသိုလ်၊ အကုသိုလ်အကျိုးပယ်သော နိတိက ဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ၊ အကရိက ဒိဋ္ဌိအယူရှိသူများ ဖြစ်သည်။

တကယ်အလုပ်ဖြစ်ကြရန် အမှားအမှန်ခွဲခြားသိမြင်ရန် အခြေခံအားဖြင့်လိုအပ်သည်။ ခေတ်သစ်လုပ်ငန်းရှင်တွင်ရော၊ လောကုတ္တရာ အရေးအရာပါ အကြုံးဝင်သည်။ အတော်များများ ခေတ်စီးပွားရာကြရာတွင် မြတ်မည့်လုပ်ငန်း၊ ရှုံးမည့်လုပ်ငန်း၊ ခွဲခြားတတ်စွမ်းမှုမရှိ၍ မကြီးပွားကြချေ။ လောကတွင်

– အမှားကို မှားမှန်းသိသူ

– အမှားကို မှားမှန်းမသိသူ

– အမှန်ကို သိနိုင်သူ ဟူ၍ ခွဲခြားနိုင်သည်။ မှားလျက် မှားမှန်းမသိသူကို ဒိဋ္ဌိဟု ခေါ်ဆိုနိုင်သည်။ အမှားကို အမှန်ဟုထင်သမျှကာလပတ်လုံး မည်သို့မျှကြီးပွားနိုင်မည်မဟုတ်သည်မှာ မဆန်း၊ အနည်းဆုံး အမှားကိုအမှား ဟု သိဖို့လောက်တော့ အခြေခံအရည်အချင်းအဖြစ် ပိုင်ဆိုင်သင့်ကြသည်။

ဤတွင် 'ပညာ' ဟူသည့်အရည်အချင်းက စကားပြောသည်။ ပညာသည် ခေတ်သစ်စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာတွင် ရှေ့ဆုံးမှာရှိ၏။ တကယ်တော့

mgyoe.com

mgyoe.com


ယခုမှပေါ်လာသည်ကား မဟုတ်၊ လောကုတ္တရာဘက် ဝိပဿနာရှုပွားခြင်းတွင်ပင် လျှင် ပညာနှင့်ယှဉ်ရ၏။"

* * *

အလုပ်ဖြစ်နိုင်ရန် 'မကန်း' ဖို့လိုသည်၊ ဘာသာရေးက အကန်းနှစ်မျိုးကို ထောက်ပြသည်။ 'မံသ'ဟူသော အသားမျက်စိကန်းသူ (မျက်မမြင်) နှင့် ဉာဏဟူသော ဉာဏ်မျက်စိမမြင်နိုင်သူ ဖြစ်သည်။ ဉာဏ်မျက်စိ အားနည်းသူသည် မျက်ကန်းတစ်ဦးထက်ပို၍ မိုက်မဲသည်၊ ပိုသောအမှားကိုလည်း ကျူးနိုင်သည်။

– တချို့သူများသည် သူများအမှားကိုမြင်ပြီး သင်ခန်းစာယူတတ်ကြသည်။

– တချို့ကား အမှားကိုကြည့်ပြီး သင်ခန်းစာ မယူတတ်ကြ။

– တချို့မူ ကိုယ်ကိုယ်တိုင် အမှားကိုပင် သင်ခန်းစာ မယူတတ်ကြ။

ပထမလူမျိုးက အလုပ်ဖြစ်အောင်လုပ်နိုင်ကြသူများ ဖြစ်သည်။ ဒုတိယနှင့် တတိယလူမျိုးများမှာ ဘယ်တော့မှ အလုပ်ဖြစ်အောင်လုပ်နိုင်ကြသူများ မဟုတ်ချေ။ အဖြစ်လုပ်ဝဲဂယက်မှ မထွက်နိုင်ကြသူများဖြစ်ပြီး Negative Result သာ ရကြမည့်သူများ ဖြစ်သည်။

ကမ္ဘာ့သမိုင်းတွင် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ဘုရားစေတီ ရှစ်သောင်းလေးထောင် လှူခဲ့သူဟူ၍ 'အသောက' မင်းကြီးတစ်ပါးသာရှိခဲ့သည်။ ထို သီရိဓမ္မ အသောကမင်းကြီး ဧသအံ့ဆဲဆဲအထိ ဝိပဿနာမရှုပွားနိုင်ဘဲ ဒါနတစ်ခုတည်းကိုသာ အာရုံစိုက်ခဲ့ခြင်းအပေါ် ဘာသာရေးရှုထောင့်က အလုပ်ဖြစ်သည်ဟု အမှတ်ပေးခဲ့သည်မဟုတ်၊ တကယ်လည်း ထိုမင်းကြီး၏ လားရာဂတိက မကောင်းခဲ့၊ အဖြစ်လုပ်ခြင်းနှင့် အလုပ်ဖြစ်ခြင်းကို ထင်ရှားစေသော သာဓကကောင်းတစ်ခု ဖြစ်သည်။

တကယ်အလုပ်ဖြစ်နိုင်ကြဖို့ ဗုဒ္ဓဘာသာ၏အဆုံးအမတွေက တွေးကြည့်လေ၊ တန်ဖိုးကြီးလေ၊ ထက်မြက်လေ ဖြစ်သည်၊ ခေတ်သစ် ရေပန်းစားနေသော Knowledge ဆိုသည့်သုတသိပညာကို အယူမှားဒိဋ္ဌိ သတ်ရန်အတွက် ဟောကြားထားပြီးဖြစ်သည်၊ တချို့က တဏှာကိုအရင်သတ်ရန် ကြိုးစားခြင်းမှာမှားကြောင်း ရေးသားထားကြပါ၏။ အနာဂါမိ မဂ်ကျမှ ကာမတဏှာကို သတ်နိုင်မှာဖြစ်ပြီး ဘဝတဏှာကိုမူ အရဟတ္တမဂ်နှင့်မှ သတ်လို့ရသည်ဟု မှတ်သားရဖူးပါသည်၊ ထို(၃) မျိုးကို အစဉ်လိုက်မဟုတ်ဘဲ အသတ်မှားလျှင် လိုရာပန်းတိုင်း

mgyoe.com

mgyoe.com


မရောက်နိုင်ပါ။ ဗဟုသုတမျက်စိ၏ တန်ဖိုးဖြစ်သည်။ ခေတ်သစ် ဆိုဗီယက်ရုရှား ပြိုလဲကျခြင်းတွင် ဂိုဘာချော့ဗ်၏ ဂလပ်စ်နော့နှင့် ပယ်ရီစတွိုက်ကာကို အစဉ်တကျ မပြုလုပ်မိခဲ့ခြင်းကြောင့်ဖြစ်သည်ဟု နောက်ပိုင်း သုံးသပ်ချက်ထွက်လာခြင်းများနှင့် ယှဉ်တွေးမိလာသည်။ ထပ်တူဆိုင်သည်ဟုမဆိုလို။

* * *

ကျွန်တော်တို့ ကြီးပွားချမ်းသာရန် Maslow Hierarchy ၏ အနည်းဆုံး Esteem Needs အထိရအောင် ကြိုးစားနေကြသည်။ ထို့ထက်လွန်သော ထိပ်ဆုံးက Self Actualization အထိတက်နိုင်လျှင် တက်လှမ်းလိုကြသည်။ Esteem Needs ကိုရောက်လာကြသူများ အများစုသည် 'ငါမှငါ' 'ဇမ္ဗူ့ဘာလူ' မြင့် အခြေ လွတ်ကြလေ့ရှိသည်။ တကယ်တော့ အသက်ရှင်သည်၏ အခြားမဲ့သို့ ဘယ်သို့သော အခြေအရုံ ဥစ္စာပစ္စည်းတို့ကို မှုယူဆောင်သွားကြ၍ ရသည်မဟုတ်၊ မယူချင်၍ မရသည်ကတော့ 'ကံ' ပင်ဖြစ်သည်။ အကုသိုလ်ကံလည်းပါသလို ကုသိုလ်ကံလည်းပါ ရစမြဲ ဖြစ်သည်။

Bill Gates တို့ အန္တိမရည်မှန်းချက် ပြည့်စုံသောအခါ အများအကျိုးအတွက် ကြီးစွာသော အလှူအတန်းကိုပေး၏။ ရှေးခေတ်က ဇောတိကစသော သူဌေးကြီးများလည်း အများအကျိုးအတွက် ဆောင်ရွက်ကြ၏။ ငွေလှူရုံသက်သက်မဟုတ်၊ မေတ္တာစေတနာထား၍ ကိုယ်တိုင်ကိုယ်ကျ ကုသိုလ်ရေးကိုဆောင်ရွက်ကြခြင်း ဖြစ်သည်။ မုဒိတာပွားစရာဖြစ်၏။ ဆရာကြီးဦးရွှေအောင်က သူ၏ 'ကုသိုလ်နှင့် အကုသိုလ်' စာအုပ်တွင် မေတ္တာနှင့်ပတ်သက်၍ ...

"အမှန်အားဖြင့် မေတ္တာဟူသည် ပေးသူဘက်၌ အကန့်အသတ်မရှိ၊ ခံယူသူဘက်၌သာ အကန့်အသတ်ရှိသည်၊ မိုးရေခံသကဲ့သို့ အိုးနှင့်ခံလျှင် အိုးပြည့်ရ၏၊ ခွက်နှင့်ခံလျှင် ခွက်ပြည့်ရ၏၊ မိုးဘက်က အကန့်အသတ်မရှိ၊ အပြည့်အ၀ ရွာသွန်း၏။" ဟုရေးထားသည်။

စေ့စေ့တွေး ရေးရေးပေါ်ပြီး တကယ်အလုပ်ဖြစ်သော အဆုံးအမဖြစ်သည်။ မေတ္တာရယူခြင်းအပေါ် သုတေသနလုပ်ထားချက်ကိုတော့ မဖတ်မိသေး။ ပညာအတွေ့အကြုံများ ဖြန့်ဝေရာတွင် လူသာမန်တို့ ရယူနိုင်မှုမှာ (၃၅%) သာရှိသည်ဟု သုတေသနများကဆိုသည်။ မေတ္တာက ချက်ချင်းအကျိုးပေးမမြင်သာ၍ ထို့ထက် နည်းမည်ဟု ခန့်မှန်းနိုင်မည်လား။

လှူဆိုသည်မှာ အမှားများများ လုပ်နိုင်သူ၊ ကိုယ့်အမှားကိုတွေ့ပြီး ဆုံးမလာ

mgyoe.com

mgyoe.com


တဲ့အခါမှာတွင် အမှားချက်ချင်းပြင်နိုင်သူကို 'သုဝေစ' ပုဂ္ဂိုလ်လို့ခေါ်ပြီး (ဆုံးမလွယ်သူ)၊ စကားနားမထောင် အမှားမပြင်နိုင်သူကို 'ဒုဗ္ဗစ' ပုဂ္ဂိုလ် (မနာယူသူ) လို့ခေါ်ကြောင်း ဘာသာရေးစာအုပ်တွေမှာ မှတ်ဖူးဖတ်ဖူးသည်။ ထို့ကြောင့်လည်း ဆုံးမခက်သူများ မိုက်လုံးပိုကြီးကြကြောင်း၊ လောဘ၊ ဒေါသ၊ မောဟ ပို၍ကြီးကြသူများဖြစ်ကြောင်း သတိထားမိနိုင်သည်။

တစ်ဖက်က Bill Gatesတို့ အကြီးအကျယ်လှူနေစဉ် အိမ်နီးနားချင်းနိုင်ငံက ဝန်ကြီးချုပ်ဟောင်းကတော်တစ်ဦး အာဏာရှိစဉ် အလွဲသုံးစားမှုဖြင့် ထောင်ဒဏ်သုံးနှစ် ကျခံစေရန် စီရင်ချက်ချမှတ်ကြောင်း၊ နိုင်ငံခြား ရုပ်သံများက လွှင့်လျက်ရှိသည်ကို နားထောင်လိုက်ရသည်။ သံဝေဂ အတော်ရစရာကောင်းသည့်ဖြစ်ရပ်ပင်။ ဘွဲ့ရခြင်းသည် စာတတ်ခြင်းသာဖြစ်၍ ပညာတတ်သည်ဟု မည်သို့ပြောမည်နည်း၊ စာတတ် ဘွဲ့လက်မှတ်အထပ်ထပ်ဖြင့် အကုသိုလ်လုပ်နေကြသူတွေ အပုံအပင်ရှိကြောင်း သတိထားမိပါသည်။

မြတ်စွာဘုရားလက်ထက်က အလှူဒါနအရာတွင် ဧတဒဂ်ဘွဲ့ရနှစ်ဦး ရှိသည်။ ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ်သူဌေးနှင့် ပုဗ္ဗာရုံကျောင်း ဒါယိကာမ ဝိသာခါ ဖြစ်သည်။ တရားနည်းလမ်းကျနစွာ ဥစ္စာပစ္စည်းပွားများသူများဖြစ်ပြီး ပွားစီးသောဥစ္စာတို့ကိုလည်း အများအကျိုး၊ သာသနာအကျိုးအတွက် ရက်ရက်ရောရောလှူဒါန်းကြသူများဖြစ်၍ မင်းဧကရာဇ်ကပင် လေးစားကြည်ညိုခံရသူများ ဖြစ်သည်၊ သာဓုခေါ်ခံထိုက်သူများပင်။

ကျွန်တော်တို့ သန့်စင်စွာသော ဥစ္စာပစ္စည်း မည်မျှရ၍ မည်မျှအကျိုးအတွက် ဆောင်ရွက်ပြီးခဲ့ကြပါပြီလဲ၊ မကြာခဏ ကိုယ့်ကိုယ်ကို မေးမိသောမေးခွန်းဖြစ်သည်။ ရှေ့ရေးလည်းတွေးဆပြီး 'သဒ္ဒါလွန်ကျွန်ဖြစ်' မှလည်းရှောင်ရင်း တတ်နိုင်သလောက်တော့ လုပ်ဖြစ်ပါသည်။

"တစ်မူးရလို့ တစ်ပဲလှူ"

ဟူသော ရှေးခေတ်က စကားသည် အများကောင်းကျိုး မြန်မာတွေ မည်မျှဆောင်ရွက်ကြသည်ကို ပြဆိုသော စဉ်ဆက်စကားစု ဖြစ်ပါသည်။ ယနေ့ခေတ် တစ်ကျပ်ရ၍ တပြားလှူကြပါသလား၊ Public Serviceဟူသော အများအကျိုးပြု မည်မျှဆောင်ရွက်နိုင်ကြပါပြီလဲ၊ တစ်လောကက ခပ်ကြမ်းကြမ်းတိုက်သွားသော Nargis Storm ထက် ကာရာအိုကေ၊ စားသောက်ဆိုင်နှင့် အနှိပ်ခန်းများက လောလောဆယ် ဆွဲဆောင်မှုအား ပိုကောင်းနေကြောင်း တွေ့ရသည်။

* * *

mgyoe.com

mgyoe.com


လူတိုင်းနီးပါး လုပ်ငန်းအသီးသီး လုပ်ဆောင်ကြသည်၊ လုပ်ငန်းလုပ်ရာတွင် ထားရှိရမည့်သဘောထား (၃) မျိုး ကို မြတ်စွာဘုရားက ဟောခဲ့သည်။ ကုသိုလ်၊ အကုသိုလ်တို့၏ 'တူရူ' ကိုပါ ထည့်သွင်းစဉ်းစား ဟောကြားခဲ့ကြောင်း ခံစားရသည်၊ ပထမသဘောမှာ မိမိသိက္ခာကို မိမိက လေးစားရခြင်းဖြစ်သည်။ ဒုတိယရှိရမည့်သဘောမှာ လောကာဓိပတိဖြစ်ပြီး ပတ်ဝန်းကျင်လောကကို လေးစားခြင်းဖြစ်သည်။ တတိယမှာ ဓမ္မာဓိပတိဖြစ်ပြီး လုပ်ငန်းလုပ်ဆောင်ရာတွင် ထို (၃) ချက်နှင့် ညီညွတ်ရန်ဖြစ်သည်။ သာမန်မတွေးမိသော အတွေး၊ သိမ်မွေ့သော သဘောထားများ ဖြစ်သည်။

တောင့်တခြင်းကိုလည်း နှစ်မျိုးခွဲခြားပြထားပေးသည်၊ တဏှာဖြင့် တောင့်တခြင်းမှာ မိမိကိုယ်ကျိုးအတွက် ထိုးထိုးပေါ် တောင့်တခြင်းဖြစ်ပြီး အခြားအကျိုးမှာ ဆန္ဒဖြင့်တောင့်တခြင်းဖြစ်ပြီး မြင့်မြတ်သူတို့၏ တောင့်တခြင်းလည်းဖြစ်သည်။ လောကအကျိုး၊ အများအကျိုးအတွက် တောင့်တခြင်းမျိုးဖြစ်၍ လောကီ၊ လောကုတ္တရာနှစ်ဖြာ အကျိုးဖြစ်ထွန်းကြောင်း မှတ်သားဖူးသည်။

အတ္တအကျိုး၊ လောကအကျိုးအတွက် အလုပ်ဖြစ်ရန် အသိအဆင့် (၃) မျိုးကိုလည်း ဗုဒ္ဓကဟောခဲ့ပါသည်။ ပထမအဆင့်မှာ 'စာပေသိ'၊ ဒုတိယအဆင့်မှာ 'လောကသိ' နှင့် တတိယအဆင့်မှာ 'ဘဝသိ' ဖြစ်သည်။ သီအိုရီတစ်ခု၊ ဖော်မြူလာတစ်ခုကို သာလိကာလို လူရှေ့ပြောတတ်သူတို့၏အသိမှာ 'စာပေသိ' သို့မဟုတ် 'တဆင့်ကြားအသိ' ပါလားဟု ဆင်ခြင်တတ်လာသည်။ လောကနှင့်ယှဉ်၍ မည်မျှသိသလဲဟု ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ရန် ဖြစ်လာသည်။ ဘဝမှာ ဘယ်သို့သော အလုပ်မျိုး၊ ဘယ်သို့သော အတွေ့အကြုံမျိုး ရှိပါသလဲဟု 'ဘဝသိ' အဝွက် နောက်မေးခွန်းတစ်ခုက ကြိုလင့်သည်။

မပြည့်စုံသောအသိကို ရင့်ကျက်သော အသိ၊ ပြည့်စုံသောအသိဟု အထွက်မှားကြသူများ ဒုက္ခရောက်ကြခြင်းမှာ အနည်းဆုံး လောကသိ၊ မသိကြသူများဖြစ်၍ ဖြစ်၏။ အထူးသဖြင့် အသိမှ လမ်းစဉ်တစ်ခုအဖြစ် ချမှတ်ဆောင်ရွက်ထားလေ့ရှိကြသော အဖွဲ့အစည်းအသီးသီးမှ ဦးဆောင်သူတို့ အလေးအနက် သုံးသပ်သင့်ကြသည်။

တစ်ချိန်က သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းကို အစ္စရေးနိုင်ငံ၏သမ္မတအဖြစ် ဆောင်ရွက်ရန် တိုက်တွန်းချက်ကို 'သမ္မတ အရည်အချင်းမပြည့်စုံပါကြောင်း' ဖြင့် ငြင်းဆိုခဲ့ဖူးသည်။ တချို့က အိုင်းစတိုင်းကို နှာခေါင်းရှုံ့ကြသည်။ မည်သူမှန်သည်နည်း၊ အိုင်းစတိုင်း 'အဖြစ်' မလုပ်တတ်ပါ၊ အမှန်သိ–သိသော အိုင်းစတိုင်း

mgyoe.com

၏ အတွေးအခေါ်၊ အယူအဆနှင့် သာမန်လူတို့၏ မပြည့်စုံသောအသိတို့ တစ်ထပ်တည်းမကျနိုင်သည်မှာ အဆန်းမဟုတ်ချေ။

* * *

ကျွန်တော်တို့ ချမ်းသာရန် ကြိုးစားကြသည်။ မည်သို့သော ချမ်းသာမှုမျိုးနည်း။

Land Cruiser စီးပြီး တိုက်ကောင်းကောင်းနှင့်နေကာ Sedona ညစာစားလိုသော ချမ်းသာမှုမျိုးကို အများစုက တောင့်တကြပါလိမ့်မည်။

ချမ်းသာခြင်းကို အဓိပ္ပာယ်ယူရာ၌ အစုန် 'အနုလောမ' နည်းအရယူခြင်းနှင့် အဆန် 'ပဋိလောမ' နည်းအရ ယူခြင်းဟူ၍ နှစ်မျိုးရှိကြောင်း ဆရာကြီး ဦးရွှေအောင်က သုံးသပ်သည်။ အစုန် 'အနုလောမ' အရ ချမ်းသာခြင်းကို ယူရာတွင် အတ္တဦးဆောင်၍၊ အဆန်နည်းမှာ အများအကျိုးဦးတည်ကြောင်း သိရသည်။ Maslow ၏ ထိပ်ဆုံးအဆင့်ဖြစ်သော Self Actualization အလွှာထိ ကျွန်တော်တို့ စောင့်ရန်မလို၊ Esteem Needs မှာလည်း မပျော်ပိုက်သင့်၊ ရုပ်ဝတ္ထုရှေ့တန်းတင်သော အနောက်ဘက်နိုင်ငံများပင် သီအိုရီတွေထုတ်ရင်း၊ ထုတ်ရင်း နောက်ဆုံးအများအကျိုးအတွက် လုပ်နိုင်ကြသေးသည်။ 'ငါဘာမှမဟုတ်တော့ပါလား' ဟူသောအတွေးမျိုး ထားရှိနိုင်သေးလျှင် Civil Societies ဟူသော လူမှုအဖွဲ့အစည်းအကြောင်း ပြောနိုင်ကြသေးလျှင် လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကတည်းက ထိုဝိညာဉ်များ ရှိခဲ့သော၊ စိတ်စရိုက်များအမြစ်တွယ်ခဲ့သော ကျွန်တော်တို့ အရှေ့တိုင်းသားများ ဘာကြောင့်နောက်မျိုးဆက်များကို ဤသို့သော အမွေလက်ဆင့်မကမ်းနိုင်ကြရပါသနည်း။ အားလုံးတွင် တာဝန်ရှိကြပါသည်။

ပေးချင်သောစိတ်က အဆန်စိတ်ဖြစ်သည်၊ ယူချင်သောစိတ်က အစုန်စိတ်ဖြစ်၏။ လူ့သဘာဝအလျောက် အစုန်နှင့် လူတွေလိုက်ပါနိုင်ကြသည်။ ထို့ကြောင့် ယူချင်သူတွေက ပိုများနေကြခြင်းဖြစ်သည်။ အစုန်စိတ်သည် မွေးကောင်းသော အရာ မဟုတ်ပါ။ ပင်ကိုကပင်ရှိနှင့်ပြီးဖြစ်၍ သီးခြားမွေးမြူရန် မလိုပါ။ အစုန်စိတ်မများအောင် အဆန်စိတ်ကို ပို၍မွေးမြူသင့်သည်။ အစုန်စိတ်သည် အတ္တအခြေပြု ကိုယ်ကောင်းဝါဒဖြစ်၍ ပရအခြေပြုလောကကောင်းကျိုးကို ပိုမို အလေးအနက် တည်ဆောက်သင့်ကြသည်။

ထို့ကြောင့် 'အချစ်' ကို (၃) မျိုးထပ်ခွဲခြားကြည့်သည်။ ချစ်ခင်သူကို 'တဏှာပေမ' ဟုခေါ်၍ မိသားစုအချစ်ကို 'ဂေဟသိတပေမ' ဟုခေါ်ကာ နောက်ဆုံး

mgyoe.com
mgyoe.com

mgyoe.com

လောကချစ်ကို 'မေတ္တာ' ဟုခေါ်သည်။ 'မေတ္တာ' ထားပါဟုဆိုရာတွင် ကိုယ့်ကိုယ်ကို၊ ကိုယ့်ချစ်သူကို၊ ကိုယ့်မိသားစုထက်လွန်သော အဓိပ္ပာယ်ရှိသည်ကို နားလည်နိုင်သည်။

* * *

လူ့လောကထဲတွင် ပညာသင်ချိန်လွန်မြောက်သည်နှင့် လူသားတို့ တစ်ခုမဟုတ်တစ်ခုကို လုပ်ကြရပါသည်။ လူတန်းစားမရွေး လုပ်ကိုင်ကြသည်၊ ခေတ်သစ်တွင် အလုပ်ဖြစ်–မဖြစ်ကို ကျောက်တုံးရွှေ–မရွှေဟူသည့် (Resul Oriented) ဖြင့်တိုင်းတာကြသည်။ အလုပ်ပြီးလျှင် အလုပ်အကျိုးအတွက် အကျိုအမြတ်တစ်ခုခုရလိုကြသည်။ ပစ္စက္ခတ် လက်ငင်းဒိဋ္ဌ ပေါ်သော အကျိုးတို့ရှိသလ 'အလားအလာ' တည်းဟူသော အကျိုးတို့ကိုလည်း မျှော်ကိုးကြသူများ ရှိသည်

လောကီပေတံဖြင့် အံ့ဝင်သောအကျိုးတို့ရရန်အလို့ငှာ လုပ်ကြသူတွေရှိ သလို လောကုတ္တရာအတွက် ရည်မှန်းဆောင်ရွက်ကြသူတွေလည်း ရှိသည် လူသားတို့၏ လိုအပ်ချက် (Human Needs) အတွက် Maslow ဆိုသူက အဆင့် (၇) ဆင့် (Seven Steps Hierarchy) ဖြင့်ဖော်ပြကြပြီး စီမံခန့်ခွဲရေးပညာတွင် သင်ကြားကြပါသည်။ စားဝတ်နေရေး ဦးစားပေးအဆင့်တွင် အသက်ရှင်ရေ ဦးစားပေးကြရသဖြင့် အတ္တထက် ပရကိုမကြည့်နိုင်သေးလျှင် ဆိုဖွယ်ကိစ္စ မရှိသေ သော်လည်း Esteem Needs ကို ပြည့်ဝပြီးသူများအတွက် အခြား Surviva Needs အတွက် ရုန်းကန်လှုပ်ရှားနေကြရသူများအတွက် ဘာ့ကြောင့် မမျှဝေနိုင် ပါသနည်း။

သေသည်၏ အခြားမဲ့သို့ ဥစ္စာပစ္စည်း ဘာတစ်ခုမှ ယူဆောင်၍မရပါ။

လောကအတွက် မေတ္တာထားခြင်း၊ အဆန်စိတ် မွေးမြူနိုင်ခြင်းဖြင့် အများ နှင့်ဆိုင်ရာအတွက် တစ်စုံတစ်ခုသောအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ပါလျှင် လူထဲမှ သာမန်လူမျိုးမဟုတ်တော့ဘဲ သာမန်အဖြစ်လုပ်ခြင်းထက် ပိုလွန်သော အလုပ်ဖြစ်သူ ဖြစ်နိုင်လာပါသည်။ လောကီစံထက်ပိုသော လောကုတ္တရာစံအတွင်း က တကယ်အလုပ်ဖြစ်အောင် လုပ်သူဖြစ်လာနိုင်ပါသည်။

*[ရွှေအမြုတေ (၁၁/၂၀၀၈)]*


mgyoe.com

mgyoe.com

# အတ္တအခြေပြု လူမှုအဖွဲ့အစည်း

11th August 2008

ဆရာကြီး ဦးရွှေအောင်၏ ဗုဒ္ဓ (သို့မဟုတ်) အနှိုင်းမဲ့စာအုပ်သည် လူတိုင်းဖတ်သင့်သောစာအုပ်ဖြစ်၏။ သာမန်အားဖြင့်ကြည့်လျှင် ဘာသာရေးစာအုပ်ဟု ပြောနိုင်သော်လည်း အတွေးအခေါ်များပါ၏။ အဆင်အခြင်များပါ၏။ ဒဿနများပါ၏။ လောကုတ္တရာအရေးအရာ ပေတံဖြင့်တိုင်းလျှင် စံချိန်ပြည့်ဖြစ်သလို လောကီပေတံဖြင့်တိုင်းလျှင်လည်း အသုံးတည့်၊ မှတ်ယူစရာတွေအပြည့်ဖြစ်သည်။ 'ဆင့်ပွားတွေးခေါ်ခြင်းဖြင့်လည်းကောင်း၊ Logic အရ တွေးဆခြင်းဖြင့်လည်းကောင်း' လောကီဘက်လည်း အသုံးတည့်သည်။ မျက်မှောက်စီမံခန့်ခွဲရေး၏ Evolutionary Development ဖြင့် ယနေ့သင်ကြားနေသော ပညာရပ်များစွာတို့၏ ဘိုးအေကြီးဟုခေါ်ဆိုသော်လည်း ရလောက်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်၊ မဇ္ဈိမဒေသ အိန္ဒိယတွင် မြတ်စွာဘုရားပွင့်တော်မူသောအခါ သစ္စာနှင့်ပတ်သက်၍ ဝါဒအမျိုးမျိုးပေါ်ခဲ့သည်။ ထိုဝါဒများကို အုပ်စုဖွဲ့လိုက်ပါက ယေဘုယျအားဖြင့် (၃) ခုရှိသည်ဟု ဆိုသည်။

- ပထမဝါဒမှာ အတ္တဝါဒအုပ်စုဖြစ်ပြီး ခေါင်းဆောင်မှာ ပြဟ္မဏများနှင့် တိတ္ထိကြီးများ ဖြစ်သည်။
- ဒုတိယဝါဒမှာ အနတ္တဝါဒအုပ်စုဖြစ်ပြီး ခေါင်းဆောင်မှာ မြတ်စွာဘုရား ဖြစ်သည်။
- တတိယဝါဒမှာ အတ္တနှင့်အနတ္တကို ပေါင်းစပ်ထားသော အတ္တာနတ္တဝါဒ ဖြစ်ပြီး ခေါင်းဆောင်မှာ မဟာဝီရဖြစ်သည်။

သည်ဘက်ခေတ်ပိုင်းတွင် မဟာလူသားများအဖြစ် ကမ္ဘာ့သမိုင်းက

mgyoe.com

mgyoe.com


ဗုဒ္ဓနှင့်မဟာဝီရကို ထည့်သွင်းထားကြသော်လည်း သိပ္ပံနည်းကျကျ အစစ်ဆေးခံနိုင်သောဝါဒမှာ ဗုဒ္ဓဦးဆောင်ခဲ့သော အနတ္တဝါဒဖြစ်ပြီး အိုင်းစတိုင်း၊ စတီဗင် ဟော့ပ်ကင်းစသော ထင်ရှားသူများအပါအဝင် ကြီးကျယ်သောသိပ္ပံပညာရှင်ကြီးများ၏ ထောက်ခံမှုကို ရခဲ့သည်။

မိမိကိုယ်ကို အမှန်သုံးသပ်နိုင်ခြင်းသည် (Self Actualized) မဖြစ်သေးသမျှ ကာလပတ်လုံး အတ္တဝါဒကို လူသားများ အခြေခံကြသည်။ မြတ်စွာဘုရားလောင်း သိဒ္ဓတ္ထမင်းသားကို မွေးဖွားခဲ့သော ဖခမည်းတော် သုဒ္ဓေါဓနနှင့် ဆွေတော်အပေါင်းတို့ပင် လောကကိုကြည့်သောအခါ ပုဂ္ဂလစက္ခုဖြင့်သာကြည့်ခဲ့ပါသည်။ ပုဂ္ဂလစက္ခုသည် အတ္တအခြေခံဖြစ်ပြီး ယခုခေတ်ဆိုလျှင် Interest Oriented ဟု တင်စားနိုင်မည်လား မသိ။ ပုဂ္ဂလစက္ခုဖြင့် လောကကိုကြည့်သောအခါ ပုဂ္ဂိုလ်အဖြစ် မြင်၏၊ သတ္တဝါအဖြစ်မြင်၏၊ သူသူ၊ ငါငါအဖြစ်လည်း မြင်၏၊ ငါ့ဆွေမျိုး သူစိမ်းဟုလည်း မြင်၏။ ဓမ္မအဖြစ် မမြင်နိုင်၍ သင်္ခါရအမြင်မျိုးဖြင့် မရှုနိုင်၊ ချစ်စရာကိုတွေ့လျှင်ချစ်၍ မုန်းစရာကိုတွေ့လျှင်မုန်း၏။ ဘုန်းတောက်စဉ် တည်မြဲသည်ဟုထင်၍ ဘုန်းကျသည့်အခါကို မမြင်နိုင်၊ ပညာမျက်စိ၊ ပညာအတွေးတို့မှ ဝေးကွာသည်။

ဗုဒ္ဓ၏အမြင်ကား အတ္တအမြင်နှင့် ဆန့်ကျင်ဘက်၊ အနတ္တ၏အခြေခံမှာ ဘာမှမမြဲ၊ ဓမ္မစက္ခုဖြင့်ကြည့်ခြင်းဖြစ်ပြီး ပညာအမြင်ဖြင့် မြင်ခြင်းဖြစ်သည်။ အကြောင်းကြောင့် အကျိုးတရားများဖြစ်ပြီး အကြောင်းအကျိုးဆက်နွှယ်မှုကို ဖြတ်တောက်သောဝါဒ၊ ပဋိသန္ဓေမျိုးစေ့ ရှင်းလင်းသောဝါဒဖြစ်သည်။ အတ္တသည် လောကီချမ်းသာကို ဦးစားပေးသည်။ အနတ္တသည် လောကုတ္တရာချမ်းသာကို ရှေးရှုသည်။ လောကီချမ်းသာ၏ရင်ထဲတွင် သောကတွဲ၍ လောကုတ္တရာချမ်းသာ၏နှလုံးတွင် သောကကင်းသည်။ ပကတိချမ်းသာနှင့် အေးငြိမ်းမှုတို့ ရှိသည်။

* * *

သိပ္ပံပညာ ပိုမိုတိုးတက်လာသော မျက်မှောက်ခေတ်ကြီးသည် 'သုတသိ' (Knowledge) များ ပိုမိုမြင့်မားလာလေ အတ္တအခြေပြု (Interest Based) ပို၍ များလာလေဖြစ်လျက်ရှိသည်။ သုတသိ (Knowledge) ကို လေ့လာလျှင် အတတ်ပညာသိ၊ နည်းပညာသိအခြေခံပြီး ထိုနည်းပညာ၊ အတတ်ပညာများက အတ္တကို ပိုမိုအားပေး၊ ထောက်ပံ့၊ စေ့ဆော်နေသည်။ ထို့ထက်မြင့်မားသော Wisdom ဟူသည့် 'ပညာသိ' 'ထိုးထွင်းသိ' သို့ မရောက်နိုင်သေးသမျှ ကာလပတ်လုံး အတ္တကြီး၊ ကြီးနိုင်ငယ်ညှင်းမှ လွတ်ကင်းကြဦးမည် မဟုတ်၊ Knowledge

mgyoe.com

mgyoe.com


ပိုများလေ အတွက်ပိုကြီးလေ၊နွံထဲက ရုန်းထွက်နိုင်မည့်ပုံ မမြင်ချေ။

မိမိကိုယ်ကို အမှန်မြင်နိုင်သည့်အဆင့် (Self Actualized)ဖြစ်သည့်အခါမှသာ 'ပညာသိ' (Wisdom) ဖြင့်သည်ဟုဆိုနိုင်ပါသည်။ ထိုအဆင့်သို့ရောက်လျှင် 'ဘာမှမဟုတ်ကြတော့ပါလား' ဟူသောအသိသည် အတ္တနှင့် စတင်ဖယ်ခွာရာအသိမျိုးဖြစ်သည်ဟု ယူဆရသည်။ ထို့ထက် ပိုမြင့်သော အသိအဆင့်မှာ Enlightenment ဟူသော 'သေချာတတ်အပ်သိ' (Know-for-sure) အဆင့် ရှိပါသေးသည်။ ပဋိစ္စသမုပ္ပာဒ်တို့၏ ကွင်းဆက်၊ အကျိုးဆက် ဖြတ်တောက်ရာ၏ အကျိုးကိုသိလာခြင်းအဆင့်ဖြစ်သည်။ လောကုတ္တရာပညာအဆင့်ရောက်ပြီဖြစ်၍ အေးချမ်းသာယာသော လူ့ဘောင်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟတို့ ကင်းလွတ်ပြီဖြစ်၍ ရုပ်ဝတ္ထုတို့၏ တိုးတက်မှုကတော့ Knowledge Era လောက် တိုးတက်နိုင်မည်မဟုတ်၊ အနည်းဆုံး Wisdom Age ရောက်လျှင်မူ Actualization ဟူသော အမြင်မှန်၊ သုံးသပ်မှန်ပြီဖြစ်၍ လောက၏ အနိဋ္ဌာရုံများမှ ကင်းဝေးနိုင်မည်ဟု ယူဆသည်။ သို့သော်လည်း ကံဆိုးစွာပင် ယနေ့ခေတ်သည် အတတ်ပညာပြိုင်ပွဲခေတ် (Knowledge Age) ဖြစ်နေသဖြင့် ယှဉ်ပြိုင်မှု၊ ကြီးစိုးမှု၊ သြဇာလွှမ်းမိုးရေးစသော အတ္တအခြေခံတို့ကြား ကမ္ဘာ့လူသားများ ဒုက္ခအဖုံဖုံဖြင့် လုံးထွေးနေကြရလျက် ရှိပါသေးသည်။

အမှန်မှာ ယနေ့ပညာဟုတင်စားနေကြသော Knowledge သည် ပညာစင်စစ်မဟုတ်၊ 'အတတ်ပညာ'၊ 'သုတပညာ' မျှသာဖြစ်ပြီး Wisdom အဆင့်မှသာ 'အသိပညာ' အဆင့်ဖြစ်ပါသည်။ Knowledge ခေတ်သည် စားသွားကက်ထက် လက်ထဲထည့်ပေးသောခေတ်ဖြစ်ပါသည်။ သိုင်းသင်ပေးထားသောခေတ် ဖြစ်ပါသည်။

ဘယ်နေရာကြည့်ကြည့် ကမ္ဘာတစ်ဝန်း အနည်းအများ အနိဋ္ဌာရုံချည်းသာဖြစ်သည်။ နိုင်ငံကြီးများက နိုင်ငံငယ်များကို အနည်းနည်းအဖုံဖုံဖြင့် ပါဝင်စွက်ဖက်၊ နိုင်ငံကြီးအချင်းချင်း အင်အားပြိုင်၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေးတစ်ခုမကျန် သာလွန်အောင်ကြိုးစား၊ အတတ်ပညာ နုံချာသောနိုင်ငံများက ကျွန်စုပ် သရက်စေ့ပမာ ဖြစ်သွားကြပြီး ချမ်းသာသောနိုင်ငံများက ပိုချမ်းသာလာကြပါသည်။ လူတန်းစားမညီမျှမှု ပို၍ကြီးကွာလာသည်။ စစ်ရေးအရ၊ နိုင်ငံရေးအရ စွက်ဖက်မှုများကလည်း မကြားချင်မှအဆုံး၊ ဒါက ကမ္ဘာကြီး၏ အခင်းအကျင်း၊ တစ်နိုင်ငံချင်း အခင်းအကျင်းများကလည်း ဣဋ္ဌာရုံဟူ၍ လွန်စွာနည်းပြီး အနိဋ္ဌာရုံများသာ များပါသည်။ နိုင်ငံအချင်းချင်း ဦးဆောင်သူတို့ သင့်မြတ်

mgyoe.com

mgyoe.com

မှုနည်းပါးသည်မှစ၍ Self-interest / Family interest ဟူသော ကိုယ်ကျိုးအတ္တ အခြေပြုနိုင်ငံများကသာ များနေပါသည်။ တစ်နိုင်ငံချင်းအတွင်း လူတန်းစား ခြားနားမှု ကွာဟခြင်းကလည်း ပိုမိုကြီးထွားလာပါသည်။

* * *

အတွေ့အကြုံ၊ အစဉ်းအစား၊ သင်ကြားခဲ့သောပညာများ၏ စုစည်းမှုမှ တဆင့် အတွေးအခေါ်တစ်ခုဖြစ်လာပါသည်။ အတွေးအခေါ်မှသည် အယူအဆ တစ်ခုသို့ တိုးတက်သွားပြီး ယုံကြည်မှုပေါ်အခြေခံကာ ဝါဒတစ်ခုအဖြစ် အသွင် ပြောင်းတတ်ပါသည်။ ခြားနားသောအတွေးအခေါ်မှသည် ခြားနားသောဝါဒများကို မွေးထုတ်ကြသည်။ ဝါဒကိုင်စွဲသူ ဦးဆောင်သူတို့၏ အခြေအနေလုပ်ပိုင်ခွင့်အရ ဝါဒတစ်ခု၏သက်ရောက်မှုသည် အများကို ဆိုးကျိုးကောင်းကျိုး ပေးစွမ်းနိုင် ပါသည်။ မဟာဝီရ၏ အတ္တာနတ္တဝါဒ ထင်ရှားသလို ဗုဒ္ဓ၏အနတ္တဝါဒကလည်း လွှမ်းမိုးသည်။ ဗြဟ္မဏများ၏ အတ္တဝါဒကလည်း ပညာနည်းသူတို့အတွက် အားထားရာ၊ ယုံကြည်ရာ ဖြစ်ခဲ့ဖူးသည်။ အများကောင်းကျိုး မည်မျှစွမ်းဆောင်နိုင် သည်၊ သစ္စာမည်မျှတည်သည်က နောက်ဆုံးအဆုံးအဖြတ်ပေးပါသည်။

ယနေ့ခေတ်ကား အရင်းရှင်ဝါဒ၊ ဈေးကွက်စီးပွားရေးစနစ်၊ ဆိုရှယ်လစ်ဝါဒ စသော ဝါဒများရေ့တွန်းရောက် အားပြိုင်ကြသည်။ အများပြည်သူကို မည်မျှအမှန် တကယ်၊ လက်တွေ့ဆန်ဆန် အကျိုးပြုသည်ကသာ အရေးကြီးသည်။ ဝါဒတစ်ခု စနစ်တစ်ခုသည် အများကောင်းကျိုးရှေးရှုရန်လိုသည်၊ အများကောင်းကျိုး အမှန် ဆောင်ကြဉ်းနိုင်ရန် ထိုဝါဒတည်ထောင်သူတို့၏ ခေါင်းဆောင်သူများကဏ္ဍ အရေး ကြီးသည်။ ပညာနည်းသော၊ အတ္တအခြေခံ၊ အများကိုယ်စားမပြုသော အတွေး အခေါ်ရှိ ခေါင်းဆောင်တို့၏ဝါဒကား ရေရှည်ခံ မှတ်ကျောက်တင်နိုင်မည် မဟုတ်။

နှစ်ပေါင်း ၂၅၀၀ ကျော်လာသောအခါ ဗုဒ္ဓ၏ အနတ္တဝါဒသည် အခြားဝါဒ နှစ်ခုကို လွှမ်းမိုးအောင်နိုင်သွားပြီး ထေရဝါဒဗုဒ္ဓဘာသာ ကျယ်ပြန့်လာသည်မှာ အများကောင်းကျိုး အခြေပြု Public Oriented ဖြစ်သည်သာမက သစ္စာ တည် မှန်ကန်မှုရှိ၍ ဖြစ်သည်။

ဗုဒ္ဓလက်ထက်က 'နိယတ' ဗျာဒိတ်ကိုရနိုင်ရန် အရေးကြီးသော စိတ်ပိုင်းဆိုင် ရာ အင်အားနှစ်ရပ်သည် အထွတ်အထိပ်သို့ရောက်အောင် ပြည့်စုံသွားခြင်းကို သဗ္ဗညုတဉာဏ်တော်ကိုရခြင်းဟု ဆိုသည်။ ထိုအင်အားနှစ်ရပ်ကို ခွဲခြမ်းလျှင် တစ်ရပ်မှာ 'ကရုဏာ' အင်အားဖြစ်၍ အခြားတစ်ရပ်မှာ 'ပညာ' အင်အား ဖြစ်သည်။

mgyoe.com

mgyoe.com


သဗ္ဗညုတအရာသည် သာမန်လူတို့နှင့်ဆက်စပ်သောအရာ မဟုတ်သော်လည်း 'ကရုဏာ' နှင့် 'ပညာ' သည်ကား သာမန်လူတို့ ထားနိုင်သောအရာ ဖြစ်သည်။ အထူးသဖြင့် ခေါင်းဆောင်တို့၌ရှိသင့်သော အခြေခံအရည်အချင်းလည်း ဖြစ်သည်။ ကရုဏာမဲ့သော၊ ပညာမဲ့သောသူသည် တကယ်အားဖြင့် ခေါင်းဆောင်ကောင်း တစ်ဦးဟု မသတ်မှတ်နိုင်။

လူသည် မွေးဖွားစဉ်က အတ္တအခြေခံဖြင့် ကြီးပြင်းခဲ့ကြရသော်လည်း အတွေ့အကြုံနှင့် ပညာရင့်ကျက်လာသည်နှင့်အမျှ အတ္တနှင့်ပရကို မျှတစွာ ကျင့်သုံးသင့်သည်။ ပညာမဲ့ပါက အတ္တစက်ကွင်းမှ ရုန်းထွက်နိုင်မည်မဟုတ်ပါ။

ဝါဒအမည် မည်သို့ဖြစ်စေ အများကောင်းကျိုး အခြေခံဖြစ်ခြင်းကသာ အကြောင်းရင်းဖြစ်သင့်သည်။

* * *

လူသည် သဘာဝအားဖြင့် 'မောက္ခ' ဟူသော လွတ်မြောက်မှု၊ 'အမတ' ဟူသော သေခြင်းတရားမှကင်းဝေးမှု၊ 'သရဏ' ဟူသော ကိုးကွယ်ရာ၊ ဤသုံးပါးကို တောင့်တကြသည်။ ဤအခြင်းအရာသုံးပါးသည် လောကုတ္တရာနှင့် အကြုံးဝင်သလို လောကီဘက်မှမြင်လျှင်လည်း တစ်ထပ်တည်းကျသည်။ အန္တိမ ရည်မှန်းချက်များသာ တစ်ထပ်တည်းမကျခြင်းဖြစ်သည်။ လောကုတ္တရာရှုထောင့်က ဆန်းစစ်လျှင် 'သရဏ' သည် ထေရဝါဒ ဗုဒ္ဓဘာသာဖြစ်လာပြီး 'အမတ' မသေခြင်းနှင့် 'မောက္ခ' လွတ်မြောက်ခြင်းတို့အတွက် နိဗ္ဗာန်ဟူသည် ဖြစ်လာ၏။ အခြား မရှိ။

လောကီချမ်းသာမှုနှင့် သုံးသပ်လျှင်ကား ကိုးကွယ်ရာသည် ခေတ်၊ စနစ်တို့ ဖြစ်လာပြီး ဘဝသက်တမ်းတစ်ခုအတွက် မသေခြင်းကား ပုည်ဥာဟုယူဆနိုင်ပြီး လွတ်မြောက်မှုမှာ လောကီချမ်းသာမှုဖြစ်လာပါမည်။ အခြေခံသည် ခေတ်၊ စနစ် ဖြစ်ပြီး အပေါ်ထပ်အဆောက်အဦသည် ပုညာဉ်နှင့်လောကီချမ်းသာမှု ဖြစ်ပါသည်။

ဘုရားမပွင့်မီကာလ အလုံးစုံပုံအပ်သော 'ကမ္မဝါဒ' ထွန်းကားခဲ့ပြီး ဗုဒ္ဓက 'ဉာဏဝါဒ' ဖြင့် အများ၏အသိကို ပညာအလင်းထွန်းညှိပေးခဲ့ပါသည်။ 'ကမ္မ' ဟူသော 'ကံ' ၏သဘောကရားတို့ကို ဗုဒ္ဓက ပစ်ပယ်သည်မဟုတ်၊ 'ကံ' ကို အလုံးစုံ 'မပုံ' ခိုင်းခြင်းသာဖြစ်၍ 'ကံ' ၏အရေးပါမှုနှင့် အကြောင်းအကျိုးတို့၏ ဖြစ်စဉ်ကို လက်ခံသော 'ဉာဏဝါဒ' သာ ဖြစ်သည်။ အလှူပေးရုံဖြင့် ကုသိုလ်ရသည်မဟုတ်၊ 'စေတနာ' ထားတတ်မှ ကုသိုလ်တကယ်ရသည်ဟူသော ဉာဏ်

mgyoe.com

mgyoe.com
အရာဖြင့် ဆင်ခြင်နိုင်ရေးကို ဗုဒ္ဓက မီးမောင်းထိုးပြခဲ့ခြင်းဖြစ်သည်။

သို့ဆိုလျှင် အများအကျိုးအတွက် ဆောင်ရွက်နေကြပါသည်ဆိုသော သူများသည် တကယ်စေတနာမှန်ဖို့ လိုပါသည်။

* * *

'သမ္မာသမာဓိ' ကို မှန်ကန်သောသိမှု (သို့မဟုတ်) မှန်ကန်သောသတိရှိမှု ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပြီး အခက်အခဲအားလုံးကို အောင်နိုင်စေရန် အကောင်းဆုံး နည်းဖြစ်သည်ဟုဆိုသည်။ သို့သော်လည်း နာမ်ဓာတ်သည် မကောင်းသော ကြံစည်မှုများဘက် ဆွဲငင်သောသဘောရှိသဖြင့် လူတိုင်း မှန်ကန်သောသိမှု မရနိုင်၊ တိရစ္ဆာန်လောက အသက်ရှိရေးအတွက် အားထုတ်ကြရာတွင် သိမှု (သို့မဟုတ်) သတိရှိမှု မမြင့်မားကြပါချေ။ လူ့ဘဝတွင်ကား အတတ်ပညာနှင့် အသိတိုးလာ သည့်အလျောက် လောကီချမ်းသာရေးအတွက် အချို့လူများ မကောင်းမှုဖြင့် ဆောင်ရွက်ရန် ဝန်မလေးကြချေ။ ပို၍ဆောင်ရွက်နိုင်ခွင့်လည်း ရှိလာကြသည်။ ပညာ (သုတ) တတ်များ ကောက်ကျစ်လျှင် ပိုဆိုးသည်ဟူသော စကားသည် ဤအယူအဆအတွက် အထောက်အပံ့ဖြစ်သည်။ တကယ်မှာကား ထိုပညာတတ် ဟူသောလူမျိုးသည် အတတ်များပြီး အသိနည်းသူများသာဖြစ်ကြသည်။ အသိရင့် ကျက်ပြီး 'သမ္မာသမာဓိ' ဖြစ်ကြသူများ ပါဝင်သည်မဟုတ်။

အနောက်နိုင်ငံများတွင် Civil Society ဟူသော လူမှုအဖွဲ့အစည်းများကို အားပေးသည်၊ စားဝတ်နေရေး မပြေလည်သူများ လူမှုရေး (Social Affairs) ဆောင်ရွက်နိုင်ရန် သာမန်အားဖြင့် အခွင့်အလမ်း နည်းပါးကြ၏။ တိုင်းပြည် ချမ်းသာသည်ဟုဆိုရာ၌ ပြည်သူများချမ်းသာခြင်းဖြစ်ပြီး ထိုနိုင်ငံမျိုး၌ Civil Society များ အံများအပြားရှိသည်။ ကြည့်တတ်လျှင် ညွှန်းကိန်းတစ်ခုအဖြစ် အသုံးပြုနိုင်သည်။ Social Affairs, Social Activities ဟူသည် အများကောင်း ကျိုးဆောင်ရွက်သည်ဖြစ်ရာ လောကီ၊ လောကုတ္တရာ ရှုထောင့်နှစ်ခုလုံးမှ လုံးဝ လက်ခံဖွယ်ရာအရာ ဖြစ်ပါသည်။

ရှုထောင့်တစ်ခုမှဆိုရလျှင် လောကတွင် လူနှစ်မျိုးရှိသည်။ တစ်မျိုးမှာ တစ်စုံတစ်ရာကို ပြုလုပ်လိုသော ပုဂ္ဂိုလ်နှင့် အခြားတစ်မျိုးမှာ ကိုယ်တိုင်က တစ်စုံ တစ်ရာကို ဖြစ်ချင်သောပုဂ္ဂိုလ်ဟူ၍ ဖြစ်သည်။ အချို့သော သူဌေးကြီးများ၊ နိုင်ငံ ခေါင်းဆောင်များသည် အများကောင်းကျိုးအတွက် တစ်စုံတစ်ရာ ပြုလုပ်ပေးလို သောသူများဖြစ်ကြပြီး ရှေးက 'အနာထပဏ္ဍိက' သူဌေးသည် အများကောင်းကျိုး
mgyoe.com

mgyoe.com


ဆောင်ရွက်ရာမှာ ထင်ရှားသည်။ ကိုးကွယ်ရာမဲ့သူတို့အား ပေးကမ်း၊ စွန့်ကြဲ၊ စောင့်ရှောက်၏။ မျက်မှောက်ခေတ်သူဌေးကြီး Bill Gates သည် (၂၀ ဘီလီယံ) လှူဒါန်းခဲ့သူဖြစ်ပြီး ခေတ်သစ်လူမှုရေး ဆောင်ရွက်သူများကြားတွင် ထင်ရှား သည်။

တစ်ချိန်က ပနားမားခေါင်းဆောင် Torrijos သည် သူ့နိုင်ငံ ကောင်းစားရေး အတွက် သူ့အသက် ပဓာနမထား ဆောင်ရွက်ခဲ့သော်လည်း သူလုပ်ကြံခံရပြီး ဒုတိယခေါင်းဆောင် နိုရေးဂါး တက်လာသောအခါတွင်ကား တိုင်းပြည်ထက် သူ့ ကိုယ်ကျိုးစီးပွား (Personal Interest) ကို ပိုမိုရှေ့တန်းတင်ခဲ့သူဖြစ်သည်။ ဒုတိယ ခေါင်းဆောင် ဘဝအထိ စီအိုင်အေသတင်းပေးအဖြစ် နှစ်ပေါင်း (၂၀) လုပ်ပေးခဲ့သူ အဖြစ် ထင်ရှားသည်။ တိုရီဂျိုးစ်သည် အများအတွက် တစ်စုံတစ်ရာ လုပ်ပေးလို သောသူ ဖြစ်ခဲ့သော်လည်း သူ့နောက်ခေါင်းဆောင်က တစ်စုံတစ်ရာဖြစ်ချင်သော သူသာဖြစ်သည်။ နိုင်ငံများအတွက် ပထမလူမျိုးခေါင်းဆောင်များသာ ရသင့်ပြီး ဒုတိယလူတန်းစားခေါင်းဆောင်များသာ ရရှိပါက 'ဖွတ်သထက်ညစ်' ကိန်းဆိုက် သွားပါမည်။

* * *

အဖွဲ့အစည်းအသီးသီး လူသာမန် နောက်လိုက်တို့တွင် အရည်အချင်း သည် ရှိသင့်သောအရာတစ်ခုဖြစ်သော်လည်း ခေါင်းဆောင်ပိုင်း၌ကား ပို၍အရေး ကြီး၏။ သူ၏ခေါင်းဆောင်မှု (Leadership) က သူ့အဖွဲ့အစည်း၏ပုံစံကို ပုံဖော် နိုင်သောကြောင့်ဖြစ်သည်။ အသိဆိုင်ရာတွင် ရှုထောင့်တစ်ခုက (၁) မသိခြင်း (၂) ဖောက်ပြန်စွာသိခြင်းနှင့် (၃) မှားယွင်းစွာသိခြင်းဟူ၍ ခွဲခြားပြောဆိုလေ့ ရှိကြပါသည်။

မသိခြင်း၊ လုံးဝမသိခြင်းတို့အတွက် ပြုပြင်ရလွယ်ကူသော်လည်း ဖောက် ပြန်စွာသိခြင်းနှင့် မှားယွင်းစွာသိခြင်းတို့ကမူ ကြီးစွာသောအန္တရာယ်ကို ဖြစ်စေ၏။ ဖောက်ပြန်စွာသိခြင်းသည် ယုံကြည်မှုအပြည့်အဝမရတတ်ဘဲ မကြာခဏ အပြောင်း အလဲများဖြင့် လိုရာပန်းတိုင်သို့ မရောက်တတ်ချေ။ ပိုဆိုးသည်က မှာယွင်းစွာသိ ခြင်းဖြစ်သည်။ တစ်ချိန်က အတ္တဝါဒီသမားများ၏ မှားယွင်းစွာသိမှုသည် နိဗ္ဗာန် ရောက်ကြောင်းနှင့် ဆန့်ကျင်ခဲ့သဖြင့် လိုရာခရီးမရောက်ခဲ့။

မျက်မှောက်ခေတ်တွင်လည်း ကမ္ဘာ့ဆန်မှု၏တူရူ (Direction of Globalization) ကို မသိကြသောနိုင်ငံများသည် မှားယွင်းအသိများဖြင့် မူဝါဒမှားများ

mgyoe.com

mgyoe.com


ချမှတ်ကာ တဝဲလည်လည်ဖြင့် ဆင်းရဲတွင်းမှ မထွက်နိုင်ကြချေ။ 'မှားယွင်းစွာ သိမှု' တွင် 'အမှားကိုအမှန်' ဟု ခံယူခြင်း၊ တကယ်မသိခြင်းကို 'တကယ်သိသည်' ဟု ယုံကြည်ခြင်းများ ပါဝင်သည်။ ထိုသူများ အသိမှန်ရရန် အလွန်ခက်ခဲကြသည်။ အရာရာသည် ဦးဆောင်သူတို့၏ အရည်အချင်းပေါ်၌သာ မူတည်၏။ 'သုတ ပညာ' ထက်ကျော်လွန်၍ 'Wisdom' အဆင့်ရောက်မှသာ ပြုပြင်ပြောင်းလဲနိုင်ကြ ပါသည်။

တစ်ချိန်က နိုင်ငံရေးနှင့် စီးပွားရေးကို တစ်သားတည်း မြင်ကြသည်။ နိုင်ငံရေးသည်သာ အဓိက၊ နိုင်ငံရေးကသာ စီးပွားရေးမူဝါဒချမှတ်ရာဖြစ်သည်ဟု ခေါင်းဆောင်အများက ယုံကြသည်။ ဘယ်အရာမှ ထာဝရမတည်မြဲဟူသော 'အနတ္တ' သဘောအရ ကွန်မြူနစ်များ၊ ဆိုရှယ်လစ်များ ကျဆုံးသောခေတ်တွင် ထိုးထွင်းသိမြင်သော တရုတ်နှင့် ဗီယက်နမ်တို့က နိုင်ငံရေးနှင့် စီးပွားရေးကို ခွဲခြား သိမြင်လိုက်သောခဏတွင် တရုတ်နိုင်ငံသည် တစ်ဟုန်ထိုးတိုးတက်သွားပြီး ဗီယက်နမ်သည်လည်း ကမ္ဘာတွင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးတစ်နိုင်ငံ ဖြစ်လာခဲ့ ပါချေပြီ။

တစ်ချိန်က ဒေဝဒတ်သည် အတ္တအခြေပြုခဲ့သဖြင့်လည်းကောင်း၊ မှားယွင်း စွာသိမြင်ခဲ့သဖြင့်လည်းကောင်း၊ သူ့ တစ်သက်တာမက ဘဝပေါင်းများစွာကပင် ဗုဒ္ဓအပေါ် အကောက်ကြံခဲ့၏။ အမှန်ကိုသိမြင်သည့်ခဏ ဒေဝဒတ် ပြင်ဆင်ခဲ့ပါ သည်။ အရေးကြီးသည်က လူတိုင်း၊ လူတိုင်းတို့သည် မှားယွင်းစွာ မသိမြင်ကြဖို့ နှင့် ပြင်ဆင်သည့်အခါ နောက်မကျဖို့သာဖြစ်သည်။ အလုံးစုံရာသည် အတ္တ အခြေပြုကို ကျော်လွှားနိုင်လျှင် ပြီးပြည့်သလောက်ဖြစ်ပြီး ကမ္ဘာကြီးလည်း ငြိမ်းချမ်း နိုင်ပေမည်။

*[Wave Magazine (9/2008)]*

❑

mgyoe.com

mgyoe.com

# ဝမ်းသာဖြစ်ရတယ်

26th August 2008

လူ့သားအရင်းအမြစ်ဖွံ့ဖြိုးရေးကို တစိုက်မတ်မတ်ဆောင်ရွက်နေတဲ့ MHR (Myanmar Human Resource)က ဆရာဦးအေးကျော်နဲ့ ဘမောင်တို့ တွေ့ဖြစ်ကြတယ်။ ယုဇနဟိုတယ်မှာ ကျင်းပလိုက်တဲ့ Hospitality Management ဆိုတဲ့ ဝန်ဆောင်မှုစီမံခန့်ခွဲရေးသင်တန်းဆင်းပွဲမှာ။ နာဂစ်မုန်တိုင်းဒဏ်ရဲ့အရှိန်က မသေသေးတော့ ဒုက္ခရောက်နေတဲ့သူတွေကို တတ်နိုင်တဲ့ဘက်ကနေ ဆက်ကူကြဖို့ ပြောဖြစ်ကြတယ်။ သူ့ရည်ရွယ်ချက်က ကောင်းတယ်၊ အပျက်ပျက် အယွင်းယွင်းဖြစ်သွားတဲ့ ဧရာဝတီတိုင်းက လူငယ်ကျောင်းသားလေးတွေကို သူကျွမ်းကျင်တဲ့ ပညာရေးလိုင်းဘက်က ဖြည့်ဆည်းဖို့၊ သူတော်တော်ဒုက္ခခံပြီး အကြိမ်များစွာရောက်ခဲ့တယ်နဲ့တူတယ်၊ ဘမောင်တောင်မှ (၂) ခေါက်ပဲ ရောက်ဖြစ်တယ်။

ဟိုကလာလည်းထည့်၊ ဒီကလာလည်းထည့်နဲ့ တဘိုင်းဘိုင်းထည့်လိုက်ရလို့ ဘမောင်တို့ဆရာ ဦးအေးကျော်နဲ့တွေ့တဲ့အချိန်ကျ တော်တော်ပန်းသွားပြီ၊ ငွေအနေနဲ့ ငါးသိန်းလောက်ပဲ ထည့်နိုင်တော့တယ်၊ ဒါပေမဲ့ ပညာဒါနအနေနဲ့ကတော့ လိုတဲ့နေရာမှာသုံးဖို့ လက်ခံလိုက်တယ်၊ ခရီးတော့ သိပ်မထွက်နိုင်ဘူးပေါ့။

* * *

"ဆရာရေ ... ဆရာ ဒေါက်တာအောင်ထွန်းသက်နဲ့ Leadership Skills ခေါင်းစဉ်မှာတွဲပြောဖို့ စီစဉ်လိုက်ပြီ၊ IBC မှာ၊ နာဂစ်ရန်ပုံငွေပေါ့"

ဘမောင်လက်ခံလိုက်ပါတယ်၊ ဆရာ ဒေါက်တာအောင်ထွန်းသက်ဆိုတာ ပါမောက္ခတစ်ဦး၊ စီးပွားရေးတက္ကသိုလ်က၊ UNဝန်ထမ်းတွေ တော်တော်များများကို

mgyoe.com

mgyoe.com


နှစ်ပေါင်း ဆယ်နဲ့ချီပြီး လေ့ကျင့်ပေးနေတဲ့သူ၊ မြန်မာပြည်မှာလည်း အဲဒီ အလုပ်ရုံဆွေးနွေးပွဲတွေကို အကြိမ်ရေအများဆုံးပြောနေတဲ့သူ၊ ပညာရော၊ သမ္မာရောကြီးသူတစ်ဦးပါ၊ စကားဝိုင်းဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာ Speaker အဖြစ် 'ပေါက်' သူတစ်ဦးလည်း ဖြစ်ပါတယ်။

Leadership Skills ဆိုတော့ ခေါင်းဆောင်ကျွမ်းကျင်မှု၊ အရည်အသွေးပေါ့ ... ပြောရတဲ့အပိုင်းက ဘမောင်အတွက် ပြဿနာသိပ်မရှိဘူး၊ သီအိုရီနဲ့ စီးပွားရေးနယ်ထဲမှာ နှစ် (၂၀) လောက်လုပ်လာတဲ့ နိုင်ငံတကာအတွေ့အကြုံတွေကို ထည့်ပြောသွားရင် ကိစ္စပြီးတယ်၊ စိတ်ပူလိုက်တာက လူတစ်ဦး လက်မှတ်ခလေးသောင်းဆိုတာပဲ။

ဘမောင်တို့ အဲဒီလောက်အထိ အဆင်သင့်ဖြစ်ပြီလား၊ လေးသောင်းလောက်ပေးပြီး နားထောင်ဖို့ အဆင်သင့်ဖြစ်ပြီလားလို့ စိတ်တော့ နည်းနည်းပူမိတယ်၊ အမှတ်မမှားရင် အမြင့်ဆုံးကြေးလို့ ပြောလို့ရတယ်၊ ဦးအေးကျော်ကိုတော့ ဖွင့်မပြောဖြစ်ပါဘူးလေ။

ဘမောင်စိုးရိမ်တာ လွဲသွားတယ်၊ 'တွတ်ပီ' ဖြစ်သွားတယ်ပေါ့၊

ဦးအေးကျော်သတ်မှတ်တဲ့ ကန့်သတ်အရေအတွက်ထက် တောင်းဆိုမှုက နှစ်ဆလောက်ဖြစ်နေတာ အနားနီးတော့ သိလိုက်ရတယ်။

ဘာပဲပြောပြော၊ စီးပွားရေးတွေ တွန့်ဆုတ်နေတဲ့ကာလမှာ အဲဒီတောင်းဆိုမှုဟာ အလားအလာကောင်း တစ်ခုပါလားဆိုပြီး ဘမောင် ဝမ်းသာမိတယ်၊ ဝမ်းသာဖြစ်ရတယ်ပေါ့။ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Leadership Intelligence ဆိုတဲ့ခေါင်းစဉ်ပေါ်မှာ ပထမနေ့ နံနက်ပိုင်းပြောသွားတယ်၊ ဘမောင်က 24th မနက်ပိုင်းမှာ Leadership in Action ဆိုပြီး လက်တွေ့ခေါင်းဆောင်မှုအပိုင်းကို ပြောဖြစ်တယ်၊ ဦးအေးကျော်က ခေါင်းဆောင်မှုအပေါ် သူ့အမြင်ဘက်ကတင်ပြပြီး Group Actiivity တွေနဲ့ အနားသိမ်းပေးရှာတယ်၊ အစီအစဉ်ကောင်းတယ်။

ဆွေးနွေးပွဲအပြီး၊ မေးကြတဲ့မေးခွန်းတွေကလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ အဆင့်အတန်းအမြင့်ကြီးတွေမဟုတ်တာတောင်မှ အဆင့်မနိမ့်တော့ဘူး၊ အဲဒီအတွက်လည်း ဝမ်းသာရပါတယ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ဦးလှမောင်ရွှေတို့ရဲ့ နှစ်ပတ်တစ်ကြိမ် ပုံမှန်စီစဉ်နေတဲ့ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွေရဲ့ အထောက်အကူက လူငယ်၊ လူလတ်၊ လူကြီးတချို့ကို အမြင်ဖွင့်ပေးဖြစ်ခဲ့တဲ့ အကျိုးကျေးဇူးတွေလည်းပါတယ်၊ သူတို့ကိုယ်တိုင်က လိုလိုချင်ချင်လေ့လာ

mgyoe.com

မှုစည်သား၊ တားဆီးသွားနိုင်တဲ့ အခြေခံအရည်အချင်းကြောင့်လည်း ပါ–ပါတယ်။

* * *

ခေါင်းဆောင် (Leader) လို့ပြောရင် ထိုးချိုးက အမြင့်ကြီးလှမ်းတွေးလေ့ရှိကြတယ်၊ တကယ်တော့ နှစ်ယောက်ဆိုင်တဲ့ မိသားစုမှာလည်း ခေါင်းဆောင်ရှိတယ်၊ ဆယ့်လေးငါးယောက်လောက်နဲ့ ကုမ္ပဏီမှာလည်း ခေါင်းဆောင်ရှိတယ်၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး ကဏ္ဍစုံမှာလည်း ခေါင်းဆောင်တွေရှိကြပါတယ်၊ ဘမောင်တို့ အလေးအနက်ထားပြောတာက စီးပွားရေးဘက်က ခေါင်းဆောင်တွေအကြောင်း၊ သူတို့ရဲ့အရည်အသွေး၊ ကျွမ်းကျင်မှု ဘယ်လိုရှိရမယ်ဆိုတဲ့အကြောင်း။

Globalization အကြောင်း ဘမောင် ရှင်းပြတယ်၊ ကမ္ဘာဆန်မှုက အနောက်နဲ့အရှေ့၊ ကမ္ဘာ့ အပေါ်ခြမ်း အောက်ခြမ်း၊ ယဉ်ကျေးမှုကအစ အမြင်အသိတွေ အကူးအလူးကြောင့် မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေက စီးပွားရေးခေါင်းဆောင်တွေကိုယ့်ပေတံနဲ့ကိုယ် တိုင်းလို့မရတော့ဘူး၊ အဲဒီ ကမ္ဘာဆန်မှုက အရည်အသွေးနည်းတဲ့ခေါင်းဆောင်တွေကို ဆွဲတင်သွားတယ်။

၁၉၂၀ လောက်မှာ Globalization သိသာလာတယ်၊ ၁၉၅၀ လောက်ကျတော့ နိုင်ငံ ၂၀ လောက် ပါလာပြီး ၁၉၇၀ မှာ နိုင်ငံပေါင်း ၄၀ နဲ့ အခုဆိုရင် နိုင်ငံပေါင်း ၁၈၀ နီးပါး ကမ္ဘာဆန်ခြင်းရဲ့ ရေစီးထဲမျောပါသွားထဲပြီ၊ ကမ္ဘာမှာ စုစုပေါင်းနိုင်ငံ ၂၀၀ လောက်ပဲရှိတယ်၊ နိုင်ငံပေါင်း ၁၈၀ လောက် ကမ္ဘာဆန်တယ်ဆိုတဲ့နေရာမှာ နိုင်ငံတိုင်း အပြည့်အဝတော့မဟုတ်ဘူးပေါ့၊ တချို့နည်းနည်း၊ တချို့များများ သက်ရောက်မှုတွေကို ငြင်းမရဘဲ လက်ခံလိုက်ရတယ်။

ကမ္ဘာဆန်တဲ့ရေစီးကြောင်းမှာ Change ဆိုတဲ့အပြောင်းအလဲတွေ အများကြီး ပါလာပါတယ်၊ Hamburger ကအစ နည်းပညာ၊ အဆောင်အခေါ်၊ အသုံးအဆောင် အများကြီးပဲပေါ့၊ အားလုံးကိုတော့ ငြင်းဆန်လို့မရဘူး၊ လူအမျိုးမျိုး၊ စိတ်အထွေထွေမှာ ယူသင့်တာယူ၊ ပယ်သင့်တာပဲ ပယ်လို့ရမယ်၊ ခြုံငုံပြီးတော့ ကမ္ဘာဆန်မှုရဲ့သက်ရောက်ခြင်း (Impact) အပေါ် ဘယ်လိုမှတ်ချက်ပေးကြသလဲဆိုရင် ...

"You learn to change rather than becoming a victim of change" ဆိုတဲ့အပြောင်းအလဲပေါ်မှာ သင်ခန်းစာယူပြီး လိုက်ပါမလား၊ ဒါမှမဟုတ်ရင်

mgyoe.com

mgyoe.com

အပြောင်းအလဲရဲ့ သားကောင်းအဖြစ်ခံမလားလို့ ဆိုလိုတာပါ၊ တိုးတက်ဖို့ ရှာကြံကြတဲ့သူတွေကတော့ သားကောင်အဖြစ် ဘယ်ခံပါ့မလဲလေ ... ။

* * *

ခေါင်းဆောင်၊ ခေါင်းဆောင်မှု (Leader-Leadership) ကို ခပ်တိုတို နားလည်အောင် သည်လိုလည်း ပြောကြလေရဲ့၊

Previous learning, experiences and influence.

အတိတ်က လေ့လာခဲ့မှု၊ အတွေ့အကြုံနဲ့ တစ်ဖက်ကို လွှမ်းမိုးနိုင်မှုပေါ့ ခေါင်းဆောင်ကောင်းတွေက သူတို့ပြောတာကို ဖြစ်အောင်လုပ်လို့ ရှိကြတယ်. အပြောတခြား အလုပ်တခြားမဟုတ်ဘူး၊ မုသားမပါ၊ လက်ာမချောနဲ့တော့ မရော စေချင်ဘူးပေါ့၊ Leaders practice what the preach တဲ့။

ခေါင်းဆောင်တွေကို အရင်က သီးခြားလူတန်းစားလို့ သဘောထားခဲ့တဲ့ အယူအဆ ရှိဖူးတယ်၊ အခုခေတ်မှာ မဟုတ်တော့ဘူး၊ Leaders, as members ဆိုတဲ့အဖွဲ့ဝင်တွေနဲ့ တစ်သားတည်းကျသွားပြီ၊ ခေါင်းဆောင်ဟာ သီးခြားဖြစ်ခဲ့ရင် အာဏာရှင်ဆန်သွားနိုင်လို့ပါ။ ပြီးတော့ Leader တွေဟာ Responsibility ဆိုတဲ့ တာဝန်ယူမှု၊ Accountability ဆိုတဲ့ တာဝန်ခံမှုတွေကိုလည်း မငြင်းဆန်ရပါဘူး၊ တချို့က လုပ်ငန်းအတွက် တာဝန်ယူတတ်ကြပေမယ့် ရလဒ်အပေါ် တာဝန်မခံ ချင်ဘူး၊ ဥပမာ ကုမ္ပဏီက အကြီးအကျယ်ရှုံးရင် တာဝန်ခံလို့ နုတ်ထွက်ပေးလိုက်ရ တာမျိုးပေါ့၊ ကိုယ့်ကိုယ်ကျိုးထက် အများအကျိုးကို ပိုပြီးလေးစားတဲ့သဘော လည်း ဖြစ်တယ်။

* * *

အရင်ခေါင်းဆောင်တွေက တာဝန်လွှဲပြောင်းယူလို့ရှိရင် Commitment ဆိုတဲ့ ကတိစကား သိပ်မပေးရဲကြဘူး၊ အခုခေတ်ခေါင်းဆောင်တွေက 'ဘာဖြစ် စေရပါ့မယ်' ဆိုတဲ့ကတိစကားကို ရဲရဲကြီးပေးလေ့ရှိကြတာ ယဉ်ကျေးမှုတစ်ခုလို့ တောင် ပြောလို့ရပြီ၊ CEO ထဲမှာ ဘမောင် သဘောကျတဲ့ Carlos Ghson ဆိုရင် စ်ဆန်းမော်တော်ကားကုမ္ပဏီကြီးကို လွှဲယူတော့ အကြွေးပါလာတဲ့ (US$ 2.4 il) ကို (၂) နှစ်အတွင်း ပြန်ဆပ်မယ်ဆိုတဲ့ကတိစကားနဲ့ တာဝန်ကို လက်ခံခဲ့တယ်၊ ၁ူပြောခဲ့တဲ့အတိုင်း လုပ်ပြခဲ့တယ်၊ မြန်မာ့စီးပွားရေးလောကမှာ အဲသလိုလူမျိုး အများကြီးရှိစေချင်တယ်။

mgyoe.com

mgyoe.com


နောက်ရှိသေးတယ်၊ ခေါင်းဆောင်တွေရှိသင့်တဲ့ နေရာနဲ့တာဝန်၊ Position ပေါ့၊ အရင်ပုံစံဟောင်းမှာ ခေါင်းဆောင်ဆိုတာ ဦးဆောင်သူဖြစ်လို့ မြင်းရဲ ထိပ်မှာ ရှိသင့်တယ်ဆိုတဲ့အယူအဆနဲ့ ဘာလုပ်လုပ် ခေါင်းဆောင်က ရှေ့ကသွားတယ်၊ မြင်းအလယ်နေရာမှာ မန်နေဂျာတွေပေါ့၊ မြင်းအမြီးမှာ သာမန်ဝန်ထမ်းတွေ၊ အခုခေတ်ခေါင်းဆောင်တွေကျတော့ အယူအဆပြောင်းသွားကြပြီ။

လေးကထွက်သွားတဲ့မြင်းက ခရီးတော့ ရောက်ပါရဲ့၊ လိုချင်တဲ့နေရာ ရောက်ဖို့လိုတယ်ဆိုတဲ့အယူအဆပေါ်မှာ အခြေခံတာ၊ အဲဒီမြင်း လိုရာခရီးလည်းရောက်၊ သွားချင်တဲ့'လားရာ' လည်းမှန်အောင်လို့ ထိန်းညှိတည့်မတ်ပေးတာက မြင်းအမြီးပိုင်းဆိုတာ တွေ့လာရတယ်၊ အဲဒီအယူအဆနဲ့ အခုခေတ်ဖွဲ့စည်းပုံတွေမှာ မန်နေဂျာတွေ မြင်းထိပ်မှာနေ၊ အလယ်က ဝန်ထမ်းတွေ၊ နောက်ဆုံး မြင်းအမြီးက ပဲ့ထိန်းအနေနဲ့ ခေါင်းဆောင်တွေ နေကြတော့တယ်၊ အဲဒီအယူအဆနဲ့ အလုပ်လုပ်တာ ပိုမှန်တယ်၊ ပိုလည်း ထိရောက်တယ်၊ ခေါင်းဆောင်ဆိုတာ Guidance ဆိုတဲ့ထိန်းသိမ်းမှုပေးဖို့ပဲ၊ နေရာတကာ သူပါလို့မှ မဖြစ်တာ။

ဥပမာပေးရင် နွားအုပ်တစ်အုပ်နဲ့ နွားကျောင်းသား၊ နွားအုပ်တစ်အုပ်တိုင်းမှာ ဦးဆောင်နွား ရှိတယ်၊ သူ့နောက်ကို ကျန်တဲ့နွားတွေကလိုက်ရတယ်၊ ဒါပေမဲ့ ဦးဆောင်နွားကို ထိန်းမပေးရင် သူသွားချင်ရာသွားရော၊ ရောက်လိုတဲ့နေရာကို ရောက်ဖို့ နွားကျောင်းသားက ထိန်းပေးရတယ်လေ၊ အဲဒီတော့ နွားကျောင်းသားက ခေါင်းဆောင်၊ ရှေ့ဆောင်နွားက မန်နေဂျာ၊ နောက်လိုက်နွားတွေက ကျန်တဲ့သူတွေပေါ့။ ဘမောင်တို့ဆီက အဖွဲ့အစည်း ယဉ်ကျေးမှုမှာ ခေါင်းဆောင်တွေ နေရာတကာ ရှေ့ကနေတာ ရှိနေတုန်းပဲ၊ Old Model ကို စိတ်မကုန်သေးလို့နဲ့ တူတာပဲ။

* * *

ခေါင်းဆောင်နဲ့ပတ်သက်လာရင် စိတ်ဝင်စားစရာကောင်းတဲ့အယူအဆ တစ်ရပ် ရှိသေးတယ်၊

Leaders are born (မွေးရာပါ)

Leaders are made (လေ့ကျင့်ယူခြင်း)

1940s ခေတ်တွေဆီက ဟစ်တလာတို့၊ ရုစဗဲ့လ်တို့၊ စတာလင်တို့ရဲ့ အမူအကျင့်တွေနဲ့ ချဉ်းကပ်ကြတဲ့သူတွေက ခေါင်းဆောင်ဆိုတာ မိုးပေါ်က ကျလာသလိုပဲ မွေးရာပါဇာတာပါလာသူတွေလို့ ဆုံးဖြတ်ကြတယ်၊ 1960s ခေတ်တွေ ရောက်လာတော့ ကမ္ဘာ့နိုင်ငံအသီးသီး၊ စီမံခန့်ခွဲမှုကျောင်းကြီးတွေက မွေးထုတ်

mgyoe.com